မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၂၂)

တပေါဧ တေ် မင်္ဂလ မုတ္တမ်

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နေပြည်တော်ပျဉ်းမနားအနီး ကားလမ်းနံဘေးတစ်နေရာ၌ ခေတ်မီစပါး ခြွေလှေ့စက်ဖြင့် စပါးများ ခြွေလှေ့နေမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၅ ကော်လံ ၁ ●

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ် တစ်ခေတ်ဆန်းသစ်လာခဲ့ပြီ

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
လှရွှေ (ကေတုမတီ)

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော် (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်သည့်အလျောက် စိုက်ပျိုးရေးကို ရှေးပဝေသဏီကပင် မိရိုးဖလာလုပ်ငန်းလုပ်ကိုင်ကြရာမှ စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့ပေသည်။

ဆန်ရေစပါး ပေါကြွယ်ဝ

မြန်မာနိုင်ငံ၏ ပထဝီမြေမျက်နှာပြင်အနေအထား၊ ဒေသအလိုက်ဖြစ်ပေါ်သော ရာသီဥတုအခြေအနေတို့အပေါ် မူတည်ပြီး ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို စိုက်ပျိုးကြသဖြင့် ဆန်၊ ကြံ၊ နှမ်း၊ ပြောင်း၊ ဝါဂွမ်းနှင့် ပဲမျိုးစုံ၊ ရော်ဘာနှင့် ဆီအုန်း၊ ငရုတ်နှင့် ကြက်သွန်၊ ဟင်းသီးဟင်းရွက်မျိုးစုံ ထွက်ရှိနေသည်။ တစ်နည်းအားဖြင့်ဆိုရပါလျှင် မြန်မာနိုင်ငံသည် ဆန်ရေစပါးနှင့် ကောက်ပဲသီးနှံ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ *

ဘားအံမြို့သို့ ပို့ဆောင်မည့် မုံရွာစက်မှုဇုန်ထုတ် လယ်ထွန်စက်ငယ်များကို နေပြည်တော်တပ်ကုန်းအနီး၌ ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နိုင်ငံတော်နှင့်အတူ ဒေသခံပြည်သူများ ဝိုင်းဝန်းဆောင်ရွက်

ယနေ့အချိန်အခါ ရာသီဥတုဖောက်ပြန်မှုကြောင့် အင်အားပြင်းထန်သော ငလျင်လှုပ်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းများ ကမ္ဘာ့နေရာအနှံ့အပြား၌ ဖြစ်ပေါ်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ကြီးမားသောသဘာဝဘေးဒဏ် မုန်တိုင်းအန္တရာယ်ကို ပြီးခဲ့သောနှစ်အတွင်း တွေ့ကြုံခံစားခဲ့ပြီးဖြစ်၍ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ထားကြရမည် ဖြစ်ပေသည်။

ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် မိုင်၃၆၀ကမ်းရိုးတန်း ထိစပ်နေသဖြင့် မုန်တိုင်းအန္တရာယ် အချိန်မရွေးတွေ့ကြုံနိုင်သည့်ဒေသဖြစ်သည်။ မုန်တိုင်းကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း ကြုံတွေ့ရသည့်အဖြစ်မျိုး မဖြစ်စေရန် ကြိုတင်ကာကွယ်မှု၊ ပြင်ဆင်မှုများကို စီမံချက်များရေးဆွဲ၍ ပြုလုပ်ထားပြီးဖြစ်သည်။

နိုင်ငံတော်မှ မုန်တိုင်းသတိပေးသတင်းများ အချိန်မီ အမြန်ဆုံးသိရှိရန် ကမ်းရိုးတန်းတစ်လျှောက် ဆက်သွယ်မှုစနစ်များပြုလုပ်ထားရှိပြီး ကျေးရွာများအနီးပတ်ဝန်းကျင်ရှိ ကားလမ်းပေါ်တွင် လေတား၊ ရေတားကုန်းမြင့်များဖန်တီး၍ မုန်တိုင်းတိုက်ခတ်ချိန်၌ ခိုလှုံနိုင်ရန် ပြုလုပ်ထားကြရန် လိုအပ်မည်ဖြစ်သည်။

ကျေးရွာပြည်သူများသည် အနီးပတ်ဝန်းကျင်ရှိကုန်းမြင့်များ၊ တောင်ကုန်းများပေါ်တွင်ခိုလှုံနိုင်ရန် နေရာများရွေးချယ်ပြီး ကျေးရွာအလိုက် ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။

ဒီရေတောများသည် ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ လေဒဏ် လှိုင်းဒဏ်တို့ကို အကာအကွယ်ပြုသဖြင့် ကမ်းခြေတစ်လျှောက်၌ ဒီရေတောများကို တိုးချဲ့စိုက်ပျိုးထားရှိကြရမည်ဖြစ်သည်။

လေဘေးကြောင့် ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် တွေ့ကြုံခဲ့ရသည့်ပျက်စီးဆုံးရှုံးမှုဖြစ်ရပ်ကို သင်ခန်းစာယူပြီး မိမိတို့၏ဒေသ၌ အလားတူဆုံးရှုံးမှုများမဖြစ်စေရန် သတိကြီးစွာဖြင့် ပြုမူနေထိုင် လုပ်ကိုင်ပြင်ဆင်ထားကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ ဒေသခံပြည်သူတို့သည် မိမိတို့၏ဒေသနှင့် မိမိတို့ဒေသအတွင်း နေထိုင်သော တိုင်းရင်းသားပြည်သူများ မုန်တိုင်းဒဏ်မှ အန္တရာယ်ကင်းရေးအတွက် ကြိုတင်ကာကွယ်မှုများကို နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှု(၁)အထူးဈေးရောင်းပွဲတော်များ ဖွင့်လှစ်မည်

နေပြည်တော် ဇန်နဝါရီ ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ အထူးဈေးရောင်းပွဲတော်များကို စစ်ကိုင်းတိုင်း ပုလဲမြို့၌ ဇန်နဝါရီ ၂၇ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ၊ ကချင်ပြည်နယ် မိုးညှင်းမြို့၌ ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ၊ ဧရာဝတီတိုင်း ပန်းတနော်မြို့၌ ဇန်နဝါရီ ၂၉ရက်မှ ဖေဖော်ဝါရီ ၄ရက်အထိ၊ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်၌ ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၅ရက်အထိ၊ မကွေးတိုင်း ပွင့်ဖြူမြို့၌ ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၅ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၀၉ (သောကြာနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **နေမဝင်ခင် အထုပ်ပြင်** တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တ စန္ဒသူရိယ)
၈:၀၅-၂:၀၅ စက်မှုလယ်ယာ ကြိုးပမ်းမှုပါ (Head Feed Type Combine Harvester)
၈:၃၀-၂:၃၀ Yangon Panorama (The Best of Melody World 2008 အတွက် SMS စနစ်ဖြင့် ဆုပေးပွဲ)
၈:၅၅-၂:၅၅ တောင်ကြီးတက္ကသိုလ်၏ အာစရိယပူဇော်ပွဲ
၉:၁၀-၃:၁၀ တေးဂီတအစီအစဉ်
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅ လေ့လာသင်ကြား ဟိုတယ်လုပ်ငန်းများ
၉:၄၅-၃:၄၅ တေးဂီတအစီအစဉ်
၉:၅၀-၃:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀:၀၅-၄:၀၅ ယနေ့သိပ္ပံနှင့် နည်းပညာ
၁၀:၂၀-၄:၂၀ မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅ တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Juno Floral Service & Gift Shop)
၁၀:၄၀-၄:၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀-၄:၅၀ ရာသီအလိုက် Fashion Guide ဆောင်းရာသီဖက်ရှင်
၁၁:၀၀-၅:၀၀ တေးဂီတအစီအစဉ်
၁၁:၀၅-၅:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၀-၅:၁၀ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁:၂၅-၅:၂၅ သဘာဝလက်ဆောင် စိမ်းပြာရေညှိထုတ်ကုန်များ
၁၂:၀၀-၆:၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်သားမွှေကြော်း တရုတ်ပဲငါးပိနှင့် ပင်လယ်စာမုန့်ညင်းလိပ်)
၁၂:၂၀-၆:၂၀ တေးဂီတအစီအစဉ်
၁၂:၂၅-၆:၂၅ **စီးဆင်းပါစေ မေတ္တာရည်** (မေကဗျာ၊ ဖူးဖူး)
၁၂:၄၀-၆:၄၀ ခတ်ပုံထဲမှ အမှတ်တရများ (အဆိုတော်သရုပ်ဆောင် ရေဗက္ကာဝင်း)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၃၀-၁-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၁၅ ၄။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀ ၇။ မြန်မာစာ မြန်မာစကား
၅:၀၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၄၈)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ရှင်သန်နေသောသီချင်းများ (Living Songs) တေးရေးဆရာ စောခူဆဲလ် (အပိုင်း-၂)
၂၀။ စိုက်ပျိုးသုတ
၂၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၃၁)

ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ အထကကျောင်းဆောင်သစ်ဖွင့်ပွဲ
ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဇန်နဝါရီ ၂၉

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇန်နဝါရီ ၂၄ရက်က ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ခံများနှင့်တွေ့ဆုံ၍ ဒေးဒရဲမြို့နယ်အတွင်း စာသင်ကျောင်းများဆောက်လုပ်မှု၊ Cyclone Shelter များ တည်ဆောက်နေမှု၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ တည်ဆောက်ပြီးစီးမှု၊ ဒေသတွင်းစိုက်ပျိုးရေးနှင့် လမ်း၊ တံတားအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကျောင်းဆောင်သစ်ဖွင့်

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး အလှူရှင် Sony ကုမ္ပဏီမှ TMW Enterprise Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးဝေလွင်နှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ဝင်းမင်းသစ်မိသားစုက လှူဒါန်းသောကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်၍ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကာ ဝန်ကြီးက အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာမခံ - ဆည်ဇင်းလမ်း ကျောက်ချောခင်းရန် ကျောက်များစုဆောင်း

ဖားကန့် ဇန်နဝါရီ ၂၉

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်လုပ်ငန်းဖြစ်သော တာမခံ-ဆည်ဇင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ကျောက်စုဆောင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပဲခူးမြို့ အထက(၃) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

ပဲခူးမြို့ အထက(၃) (ယခင် အမျိုးသားတန်းမြင့်ကျောင်း)တွင် နှစ်ပေါင်း ၃၀ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် ဂုဏ်ထူးဆောင် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ရန်ကုန်မြို့နေ တပည့်ကျောင်းသားဟောင်းများက စုပေါင်းဂါရဝပြုကြမည့် ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယခုနှစ် မတ်လအတွင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါမြတ်ဆရာပူဇော်ပွဲအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန(IBC)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့နေ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ဦးကိုကိုအောင် ဖုန်း-၀၉-၅၀-၇၁၀၇၁၊ ဒေါက်တာဝင်းမောင် ဖုန်း-၀၉-၈၀-၃၂၇၆၀၊ ဦးယဉ်ထွေးသက် ဖုန်း-၀၉-၅၀-၁၂၉၄၄၊ ဦးခင်ကြည် ဖုန်း-၀၉-၅၀-၂၀၈၂၀၊ ဦးသန်းလွင် ဖုန်း-၀၉-၅၁-၀၁၀၃၄၊ ဦးဖိုးကျား ဖုန်း-၀၉-၅၀-၁၀၃၁၂၊ ဦးသိန်းလွင်ဦး ဖုန်း-၀၉-၉၉-၇၁၄၇၇၊ ဒေါက်တာဒေါ်လှကြင် ဖုန်း-၀၉-၉၉-၂၆၉၀၈၊ ဒေါက်တာမီမီထွန်း ဖုန်း-၀၉-၅၀-၀၀၇၉၄၊ ဒေါ်ဝါဝါစိုး ဖုန်း-၀၉-၅၀-၀၆၅၆၁၊ ဒေါ်သန်းအေး ဖုန်း-၀၁-၅၃၈၅၈၈၊ ဒေါ်မူမူထွန်း ဖုန်း-၀၁-၅၀၅၉၉၁၊ ဒေါ်သက်ဥမ္မာဒွေး ဖုန်း-၀၁-၅၁၀၃၀၂နှင့် ဒေါ်သီတာကြွယ် ဖုန်း-၀၉-၅၁-၃၈၆၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့) ဗဟန်းမြို့နယ် ဘက်စုံပညာရည်ချွန်ဆုနှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၂၀ရက်က အထက(၂) ဗဟန်း ကျောင်းအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနမှ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်နှင့် ဗဟန်းမြို့နယ်ပညာရေးမှူး ဒေါ်မြင့်ကြည်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လုပ်ငန်းများပိုမိုတိုးတက်ထက်မြက်စေရန် ချီးမြှင့်ထိုက်သူများအားချီးမြှင့် အားသာချက် အားနည်းချက်များ သုံးသပ်ပြီး တိုးတက်သည်ထက်တိုးတက်အောင်ကြိုးပမ်း အဆင့်ဆင့်သောဝန်ထမ်းများအသိစိတ်ရှိရှိ၊ စေတနာကောင်းရှိရှိဖြင့် ညီညီညွတ်ညွတ်ဆောင်ရွက်

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်အား ယင်းဝန်ကြီးဌာန အခွန်အယူခံခုံအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။ **(သတင်းစဉ်)**

နေပြည်တော် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမဆောင်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရ ဝန်ထမ်းများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူး၊ အထွေထွေမန်နေဂျာများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာန အောက်ရှိ လုပ်ငန်းဌာနများ၏ နှစ်ပတ်လည် နေ့ အခမ်းအနားများကို ရည်ရွယ်ချက် နှစ်ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမ ရည်ရွယ်ချက်မှာ ယမန်နှစ်၌ မိမိဌာန အတွက် သတ်မှတ်ပေးထားသည့် ရည်မှန်း ချက်တာဝန်များအား အကောင်အထည် ဖော်ရာတွင် ကြုံတွေ့ရသည့် အားသာချက် အားနည်းချက်များအပေါ် ပြန်လည်သုံးသပ် ပြီး ယခုနှစ်၌ ပိုမိုတိုးတက်သည်ထက် တိုးတက်အောင် စီမံဆောင်ရွက်သွားနိုင်ရေး အတွက် ဖြစ်ကြောင်း။

ရည်ရွယ်ချက်

ဒုတိယရည်ရွယ်ချက်မှာ ချီးမြှင့်ထိုက် သူများအား ဆုချီးမြှင့်ခြင်းဖြင့် ဌာနလုပ်ငန်း များ ပိုမိုတိုးတက် ထက်မြက်လာစေရေး ပင်ဖြစ်ကြောင်း၊ လုပ်ငန်းများကို ရည်ရွယ် ချက်၊ ရည်မှန်းချက်များ စနစ်တကျ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မှ သာ ဌာနလုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်မည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်း များ၏ အဓိကတာဝန်မှာ ပြည်သူများ အားလုံးက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက် တည်ငြိမ်အေးချမ်းမှု ပကတိအခြေအနေ မှန်များကို သိရှိနားလည်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပိုမို ပါဝင် ပူးပေါင်း ဆောင်ရွက်နိုင်စေရန် အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေး နည်းလမ်းများဖြင့် ကြိုးပမ်းဆောင် ရွက်သွားကြရမှာဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

ဝန်ကြီးဌာန၏ ၂၀၀၉-၂၀၁၀ခုနှစ် အတွက် ချမှတ်ထားသည့် ရည်မှန်းချက် တာဝန်များမှာ-

၁။ နိုင်ငံတော်က ဆက်လက်အကောင် အထည်ဖော်မည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မီဒီယာ နည်းဖြင့် အစွမ်းကုန် စည်းရုံး ဆောင်ရွက်ရန်၊

၂။ ယနေ့ခေတ်နည်းပညာ ဖွံ့ဖြိုး တိုးတက်မှုနှင့် အညီ မိမိတို့၏ မီဒီယာများ ခေတ်နှင့်အညီ ဖွံ့ဖြိုး တိုးတက်လာအောင် ဆောင်ရွက်ရန်၊

၃။ ဆန့်ကျင်ဘက်အဖွဲ့များ၏ မီဒီယာ ထိုးနှက်ချက်များကို ကာကွယ် တားဆီး ချေဖျက်နိုင်ရေးအတွက် မီဒီယာ ထိုးစစ်နှင့် တန်ပြန်မီဒီယာ ထိုးစစ်ကို အဓိကထား တိုးမြှင့် ဆောင်ရွက်ရန်၊

၄။ နယ်စပ်ဒေသမကျန် တစ်နိုင်ငံလုံး မီဒီယာ COVER ဖြစ်အောင် ဆောင်ရွက်ရန်၊

၅။ ပြည်တွင်းသာမက ပြည်ပကိုပါ မိမိ တို့၏ မီဒီယာ ထိုးဖောက်နိုင်အောင် ဆောင်ရွက်ရန်၊

၆။ နိုင်ငံတော်ကိုယ်စား နိုင်ငံတော်၏ မူဝါဒများကို ကိုင်တွယ်ချပြဆောင် ရွက်နိုင်ရေးအတွက် လိုအပ်သည် များကို တည်ဆောက်ပြင်ဆင်ရန်၊

၇။ မိမိတို့၏ မီဒီယာများ သွက်လက် ထက်မြက်ပြီး အရည်အသွေးမြင့် အောင် ဆောင်ရွက်ရန်၊

၈။ အကြီးအကဲ၏ လမ်းညွှန်ချက်များ အပေါ် အလေးထား လိုက်နာအကောင် အထည်ဖော်ဆောင်ရွက်ရန်၊

၉။ ဝင်ငွေကို လျာထားချက်ထက် တိုးတက် ရှာဖွေရန်နှင့် သုံးငွေကို လျာထားချက်ထက်လျှော့ပြီး စိစစ် ချွေတာသုံးစွဲရန်၊

၁၀။ အဘက်ဘက်က ခြိုးခြံချွေတာရန် နှင့်

၁၁။ စိုက်ပျိုးရေး၊ မွေးမြူရေးကို ဇောက် ချဆောင်ရွက်ပြီး ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို တိုးမြှင့် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

မီဒီယာနည်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆောင်ရွက်ရမည့် ၂၀၀၉- ၂၀၁၀ ခုနှစ်လုပ်ငန်းတာဝန်များမှာ-

၁။ နိုင်ငံတော်က ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်မည့် မူဝါဒ လမ်းစဉ် (၇)ရပ် အောင်မြင်ရေး အတွက် မီဒီယာနည်းဖြင့် အစွမ်း ကုန် စည်းရုံးဆောင်ရွက်ရန်၊

၂။ ကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊

၃။ ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် နှင့် အနှစ်သာရ ပိုမိုကောင်းမွန်ပြီး Varieties စုံအောင် ထည့်သွင်း ဖော်ပြရန်နှင့် ကျေးလက်အသွင် သဏ္ဌာန် မပျောက်ပျက်အောင် ဂရုပြုရန်၊ Production နှင့် Marketing ကို တိုးချဲ့ဆောင်ရွက် ရန်၊

၄။ ကျေးရွာတိုင်း သတင်းစာ အနည်း ဆုံး တစ်စောင်ရောက်အောင် စည်းရုံး ဆောင်ရွက်ရန်၊

၅။ ကျေးရွာတိုင်း ရုပ်မြင်သံကြားဖမ်း စက် အနည်းဆုံး တစ်လုံးရှိရေး စည်းရုံးဆောင်ရွက်ရန်၊

၆။ အိမ်ထောင်စုတိုင်း ရေဒီယိုတစ်လုံး ရှိရေး စည်းရုံးဆောင်ရွက်ရန်၊

၇။ ကျေးရွာတိုင်း၊ မြို့နယ်တိုင်းသို့ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်၊ တစ်ညအိပ်၊ နှစ်ညအိပ် သွားရောက် ပြီး နယ်လှည့် စာကြည့်တိုက်၊ လက် ကမ်းစာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟော ပြောပွဲများ ဆောင်ရွက်ကြရန်၊

၈။ ခရိုင်နှင့် မြို့နယ်ရုံးများ၏ မီဒီယာ လုပ်ငန်းများ သွက်လက် ထက်မြက် ပြီး အရည်အသွေးမြင့်လာအောင် ဆောင်ရွက်ရန်၊

၉။ ခရိုင်နှင့်မြို့နယ်ရုံးများသည် မိမိ ဒေသအတွင်း ဖြစ်ပေါ်သည့် နိုင်ငံ ရေး၊ စီးပွားရေး၊ လူမှုရေးများနှင့် ပတ်သက်၍ နိုင်ငံတော်က ဆောင် ရွက်နေသည့် အခြေအနေမှန်များကို မပြတ်ချပြဆောင်ရွက်ရန်။

၁၀။ အမျိုးသားအကျိုးစီးပွား ဘက်တော် သား အရည်အသွေး မြင့်မားသည့် မီဒီယာသမားကောင်းများဖြစ်အောင် လေ့ကျင့် ကြိုးပမ်းဆောင်ရွက်ရန်၊

၁၁။ စိုက်ပျိုးရေး၊ မွေးမြူရေး ဇောက်ချ လုပ်ကိုင်၍ ဝန်ထမ်းများ သက်သာ ချောင်ချိရေး တိုးမြှင့်ဆောင်ရွက်ရန် တို့ ဖြစ်ကြောင်း။

စံ(၅)ချက်နှင့်အညီ

ထို့အပြင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက် တည်တံ့အောင် ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာ ကျေးလက်ပြည်သူများက ယင်းတို့၏ စာကြည့်တိုက်များကို ဒုတိယ ဘုန်းတော်ကြီးကျောင်းကဲ့သို့ မှတ်ယူ သဘောပေါက် ယုံကြည်လက်ခံလာအောင် စည်းရုံး လုပ်ဆောင်သွားရန် လိုသကဲ့သို့ စံ(၅)ချက်နှင့် အညီကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များကို ခိုင်မာ အောင်ဆောင်ရွက်ပြီး စာကြည့်တိုက်များ သို့ စာဖတ်သူများ ပိုမိုလာရောက် ဖတ်ရှု အောင် စာအုပ်အမျိုးအစား စုံလင်စွာ ထားရှိပေးရန်နှင့် စာကြည့်တိုက်အသွင် အပြင်ကို ပြောင်းလဲ ပြင်ဆင်ခြင်းဖြင့် ဆွဲဆောင်မှုရှိအောင် ဆောင်ရွက်ရန်လို ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဌာနလုပ်ငန်းများကို အကောင်အထည်ဖော်ကြရာတွင် အဆင့် ဆင့်သောဝန်ထမ်းများက အသိစိတ်ဓာတ်ရှိ ရှိ၊ စိတ်ကောင်း စေတနာကောင်းရှိရှိဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက် ကြခြင်းဖြင့် ရရှိပြီးသားအောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး ထပ်ဆင့်အောင် မြင်မှုများ ဆက်လက် ရယူသွားကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြော ကြားသည်။

ချီးမြှင့်

ထို့နောက် ထူးချွန်ဆုရရှိကြသူများ အား ဆုများချီးမြှင့်ရာ ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုရ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ ဦးစီးအရာရှိ (ငွေစာရင်း) ဦးတင်ဝင်း၊ စံပြခရိုင်ရုံးဆုရ ရှမ်းပြည်နယ် (တောင် ပိုင်း)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ စံပြမြို့နယ်ရုံးဆုရ ဟသ်ာတ များကိုယ်စားပုသိမ်ခရိုင်ရုံးမှဒုတိယဦးစီးမှူး ဒေါ်မာလာဝင်း၊ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရေးဆောင်ရွက် နိုင်မှုဆုရ မြို့နယ်များကိုယ်စား ဧရာဝတီ တိုင်းမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးငွေထွန်းနှင့် ရေဒီယိုနှင့် ရုပ်မြင်သံကြား ဖမ်းစက်ရရှိရေး အများဆုံးစည်းရုံး ဆောင် ရွက်နိုင်မှုဆုရ မြို့နယ်များ ကိုယ်စား တောင်တွင်းကြီးမြို့နယ်ရုံးမှ ဒုတိယ ဦးစီး မှူး ဦးဇော်ဌေးအောင်တို့အား ဆုများကို ပေးအပ်သည်။

ယင်းနောက် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုး ဝင်းက ငွေစာရင်းလချုပ်များ အချိန်မှန်မှန် ပေးပို့နိုင်မှု ဆုရရှိကြသူများကိုယ်စား မကွေးတိုင်း သရက်ခရိုင်ရုံးမှ ဦးစီးအရာရှိ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် သတင်းစာ၌ သတင်းအများဆုံးဖော်ပြနိုင်သည့်ဆုရ ရန်ကုန်တိုင်းရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြို့နယ်ရုံး ဒုတိယဦးစီးမှူး ဦးမောင်မောင် ညွှန့်နှင့် သတင်းစာ၌ သတင်းအများဆုံး ဖော်ပြနိုင်သည့်ဆုရ ရန်ကုန်တိုင်းရုံးမှ လက် ထောက်ညွှန်ကြားရေးမှူး ဦးမြင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင် သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင် ဌေးက မီဒီယာလုပ်ငန်းများ သွက်လက် ထက်မြက်စွာ အများဆုံးဆောင်ရွက်နိုင်သည့် ခရိုင်ရုံးများကိုယ်စား မုံရွာခရိုင်ရုံးမှ ဦးစီး အရာရှိ ဒေါ်သောင်းသောင်းဝင်း၊ မြို့နယ်ရုံး ဦးဝင်းမြင့်၊ နိုင်ငံတော်အဆင့် စာပေနှင့် အားကစားထူးချွန်ဆုရရှိကြသူများကိုယ်စား ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးလင်း၊ နိုင်ငံ တော်အဆင့် အနုပညာထူးချွန်ဆုရရှိကြ သူများကိုယ်စား မန္တလေးတိုင်း ညောင်ဦး ခရိုင်ရုံးမှ ဓာတ်ပုံကျွမ်းကျင် (၂) ဦးရဲသူ ရအောင်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဇီးပင် ကြီး)၌ ဖွင့်လှစ်ခဲ့သည့် အရာထမ်း အခြေခံ သင်တန်း အမှတ်စဉ် (၂၄)တွင် သင်တန်း သူ စံပြဆုရ ကယားပြည်နယ် လွိုင်ကော် မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦး တို့အား ဆုများကို ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုး မြင့်ကဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ၌ ဖွင့်လှစ်ခဲ့သည့် စာရေးဝန်ထမ်း အခြေခံ သင်တန်း အမှတ်စဉ်(၁၂၇)တွင် ထူးချွန်ဆု များ ရရှိခဲ့ကြသော သင်တန်းသားစံပြဆုရ ရုံးချုပ်မှ ဒုတိယဦးစီးမှူး ဦးမျိုးမြင့်ကျော် စွာ၊ သင်တန်းသား ဒုတိယဆုရ ဧရာဝတီ တိုင်း ဟိုင်းကြီးကျွန်းမြို့နယ်ရုံးမှ ဒုတိယ ဦးစီးမှူးဦးကျော်သူဟိန်းနှင့် သင်တန်းသူ စံပြဆုနှင့် သင်တန်းသူစစ်ရေးပြ ထူးချွန် ဆုရ ရုံးချုပ်မှ အကြီးတန်းစာရေး ဒေါ်မျိုး မျိုးခိုင်တို့အား ဆုများကို ပေးအပ်သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ် ဇင်းလုပ်ငန်းတို့က ကြီးမှူးဖွင့်လှစ်ခဲ့ သည့် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုအရည် အသွေးမြှင့်သင်တန်းနှင့် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှု သင်တန်းတို့တွင် ထူးချွန်ဆု ရရှိကြသူများကိုယ်စား ရုံးချုပ်မှ အကြီး တန်းစာရေးဦးအောင်သူ၊ ဌာနတွင်းသင်တန်း များတွင် ထူးချွန်ဆု ရရှိကြသူများ ကိုယ်စား စွမ်းရည်မြှင့် သင်တန်းအမှတ်စဉ် (၁/၂၀၀၈) ၌ ပထမဆုရ မန္တလေးတိုင်း သပိတ်ကျင်း မြို့နယ်ရုံးမှ ဒုတိယ ဦးစီးမှူး ဦးဖြိုးမောင်မောင်နှင့် စိုက်ပျိုးရေးထူးချွန် ဆုရ ရုံးချုပ်မှ လုပ်သားမှူးဦးဇော်မိုးတို့အား ဆုများကို ပေးအပ်သည်။

ဂုဏ်ပြု

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ဝန်ထမ်းများအတွက် ဂုဏ်ပြု ချီးမြှင့်ငွေများကို ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းထွန်းထံ ပေးအပ်သည်။

ထို့နောက် ထူးချွန်ဆု ရရှိကြသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ၏ ကိုယ်စား ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး လက်ထောက်ညွှန်ကြားရေး မှူး ဒေါ်ခင်စန်းက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ရင်းရင်းနှီးနှီး

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက် လာကြသည့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်တွင် ကျင်းပသည့် ၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ အီလက်ထရွန်နစ်ပစ္စည်းပြပွဲ၌ ဆမ်ဆောင်းရုပ်မြင်သံကြားပြစက်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုနေသူတစ်ဦးအား ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မွတ်ဆလင်ကမ္ဘာနှင့် အမေရိကန်တို့ မိတ်ဆွေများအဖြစ်

အပြန်အလှန်ဆက်ဆံမှုပြုလုပ်မည်ဟု သမ္မတအိုဘားမား ထုတ်ဖော်ပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၂၉

မွတ်ဆလင်ကမ္ဘာသည် အမေရိကန်တို့အတွက် ရန်သူမဟုတ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဇန်နဝါရီ ၂၉ရက်တွင် ပြောကြားလိုက်ကြောင်း အမေရိကန်မီဒီယာများက ဖော်ပြသည်။

ဒူဘိုင်းအခြေစိုက် အယ်အာရေဘီးယားသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းစဉ် သမ္မတဘားရက်အိုဘားမားက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ မွတ်ဆလင်ကမ္ဘာနှင့် ဆက်ဆံမှုများပြုလုပ်သွားမည်ဟု ထပ်လောင်းပြောကြားသည်။

အပြန်အလှန်

လွန်ခဲ့သော နှစ်ပေါင်း ၂၀ သို့မဟုတ် ၃၀ကကဲ့သို့ မွတ်ဆလင်ကမ္ဘာနှင့် အမေရိကန်တို့ ချစ်ကြည်ရင်းနှီးသော မိတ်ဆွေများအဖြစ် အပြန်အလှန်လေးစားသော ဆက်ဆံမှုမျိုး ပြုလုပ်သွားမည်ဖြစ်ကြောင်း သမ္မတဘားရက်အိုဘားမားက ဆက်လက်ပြောကြားသည်။

စေလွှတ်

ထို့အပြင် အာရပ်-အစ္စရေးတို့၏ ဆယ်စုနှစ်ခြောက်ခုမျှ ဖြစ်ပွားခဲ့သော ပဋိပက္ခကို အဆုံးသတ်ရန် အရှေ့အလယ်ပိုင်းဒေသသို့ သမ္မတဘားရက်အိုဘားမား၏ အထူးကိုယ်စားလှယ် ဂျော့မစ်ချယ်အား စေလွှတ်ထားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ် ကျန်ကျို့မြို့တွင် တရုတ်ရိုးရာယဉ်ကျေးမှု ဖျော်ဖြေပွဲ၏ ပြကွက်တစ်ကွက်ကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ လမ်းဘေးဗုံးပေါက်ကွဲ

အရပ်သားလေးဦးသေဆုံး၊ ၁၀ ဦးဒဏ်ရာရရှိ

ကန်ဒါဟာ ဇန်နဝါရီ ၂၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဇန်နဝါရီ ၂၇ရက် မွန်းလွဲပိုင်းက ပုဂ္ဂလိကပိုင် မီနီဘတ်စ်ကားတစ်စီးသည် ရရာဖြင့်ဖြစ်သလို စီမံဖန်တီးထားသော ဖောက်ခွဲရေးပစ္စည်း(အိုင်အီးဒီ)ဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရပြီးနောက် အရပ်သားလေးဦးသေဆုံးကာ ၁၀ဦးဒဏ်ရာရရှိခဲ့သည်ဟု အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါဖြစ်ရပ်သည် ယင်းနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲက အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ် ဂျာလိုင်ခရိုင်ကို မီနီဘတ်စ်ကားတစ်စီးဖြတ်သန်း မောင်းနှင်သွားစဉ် အိုင်အီးဒီလမ်းဘေးဗုံးထိမှန်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ စစ်သွေးကြွများထောင်ထားသည့် မိုင်းကြောင့်ဖြစ်ပွားခဲ့ရသော ယင်းဖြစ်ရပ်တွင် လေးဦးသေဆုံးကာ ၁၀ဦး ဒဏ်ရာရရှိခဲ့ပြီး အားလုံးမှာအရပ်သားများဖြစ်ကြောင်း၊ ဒဏ်ရာရသူများတွင် အမျိုးသမီးလေးဦးနှင့် ကလေးတစ်ဦး ပါဝင်ကြောင်း ပြည်နယ်ရဲအကြီးအကဲ မာတီဆူလ်လက်ချ်က ဆင်ဟွာသို့ပြောကြားသည်။

ပြောကြား

တာလီဘန်စစ်သွေးကြွများသည် နိုင်ငံတောင်ပိုင်းတွင် ဝရုန်းသုန်းကားဖြစ်အောင် အာဖဂန်အစိုးရနှင့် နိုင်ငံစုံတပ်ဖွဲ့များအား ဆန့်ကျင်ကာ ယင်းအိုင်အီးဒီများဖြင့် ဖောက်ခွဲတိုက်ခိုက်မှုများပြုလုပ်လျက်ရှိကြောင်း၊ ယခုဖြစ်ရပ်နှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းကမျှ ၎င်းတို့၏လက်ချက်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

ဖြစ်ပွား

၂၀၀၈ခုနှစ် အတွင်းက အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခမှုများနှင့် ရန်းရင်းဆန်ခတ်မှုများကြောင့် အရပ်သား ၂၀၀၀အပါအဝင် လူပေါင်း ၅၀၀၀ကျော် သေဆုံးခဲ့ကြောင်း၊ ၂၀၀၉ခုနှစ်အတွင်းတွင် ယင်းထက်သေဆုံးမှု ပိုမိုများပြားလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

၂၀၀၈ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းမှဝင်ငွေ ဒေါ်လာ ဘီလီယံ ၁၇၀ တရုတ်နိုင်ငံရရှိခဲ့

ပေကျင်း ဇန်နဝါရီ ၂၉

တရုတ်နိုင်ငံအနေဖြင့် ၂၀၀၈ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၆၉ဒသမ၅ဘီလီယံ (တရုတ်နိုင်ငံသုံး ယွမ်ငွေ ၁ဒသမ၁၆ ထရီလီယံ)ရရှိခဲ့ပြီး နှစ်ချင်းအလိုက်မြင့်တက်မှုမှာ ၅ဒသမ၈ရာခိုင်နှုန်းရှိကြောင်း တရုတ်အမျိုးသား ခရီးသွား စီမံခန့်ခွဲမှုဌာနက ဇန်နဝါရီ ၂၉ရက်တွင် သတင်းထုတ်ပြန်သည်။

ရရှိခဲ့

ခရီးသွားလုပ်ငန်းများမှ ဝင်ငွေရရှိမှုများတွင် ပြည်တွင်းခရီးသွားများထံမှ တရုတ်နိုင်ငံသုံး ယွမ်ငွေ ၈၇၄ ဒသမ ၉ ဘီလီယံနှင့် ပြည်ပခရီးသွားများထံမှ ဝင်ငွေယွမ် ၂၈၃ဒသမ ၉ဘီလီယံ ရရှိခဲ့သည်။

၂၀၀၇ခုနှစ်က ပြည်တွင်းခရီးသွားများထံမှ တရုတ်နိုင်ငံသုံးယွမ်ငွေ ၇၇၇ ဒသမ ၁ဘီလီယံနှင့် ပြည်ပခရီးသွားများထံမှ ဝင်ငွေယွမ် ၃၁၂ဒသမ၉ဘီလီယံ ရရှိခဲ့သည်။

ယင်းမှာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှေးကွေးနေချိန်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းမှာ ကျဆင်းသွားခဲ့သော်လည်း တရုတ်နိုင်ငံအတွင်းရှိ ပြည်တွင်းခရီးသွားလုပ်ငန်းမှာ ကောင်းမွန်ဆဲဖြစ်သည်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း သတင်း၌ ပါရှိသည်။

လည်ပတ်

၂၀၀၈ခုနှစ်အတွင်း ဟောင်ကောင်နှင့် မကာအိုနိုင်ငံများ အပါအဝင် ပြည်တွင်းခရီးသွားဦးရေမှာ သန်း ၁၃၀ခန့်ရှိပြီး ပြည်ပမှ တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်သူဦးရေမှာ ၂၄ဒသမ ၃သန်း ရှိကြောင်း သိရသည်။

(အင်တာနက်)

ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကိုလံဘီယာ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံး

ဘိုဂိုတာ ဇန်နဝါရီ ၂၉

ကိုလံဘီယာနိုင်ငံမြို့တော် ဘိုဂိုတာ၌ ဇန်နဝါရီ ၂၇ရက် ညနေပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး နှစ်ဦးသေဆုံးပြီး ၁၂ဦးကျော် ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲ

ယင်းဗုံးမှာ ဘိုဂိုတာမြို့ မြောက်ဘက်ရှိ ဗီဒီယိုခွေအရောင်းဆိုင်အပြင်ဘက်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ကိုလံဘီယာအစိုးရအနေဖြင့် ယင်းပေါက်ကွဲမှုနှင့် ပတ်သက်သူများအား သတင်းပေးပါက ဆုငွေများ ချီးမြှင့်မည်ဟု သတင်းထုတ်ပြန်ထားသည်။ **(အင်တာနက်)**

အီရတ်ရေနံမြေ၌ ဖောက်ခွဲရန် ကြံစည်မှု ကြိုတင်တားဆီးနိုင်ခဲ့

ဘာဆာရာ ဇန်နဝါရီ ၂၉

အီရတ်ရဲတပ်ဖွဲ့များသည် ဇန်နဝါရီ ၂၈ရက်က ဘာဆာရာမြို့အနီးရှိ ရေနံတွင်းတစ်တွင်း၌ ဗုံးထောင်ဖောက်ခွဲရန် ကြိုးစားထားမှုကို အချိန်မီဟန့်တားဖျက်ဆီးနိုင်ခဲ့ကြောင်း ဘာဆာရာရှိ မီဒီယာများက ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းနေ့က ဘာဆာရာမြို့ မြောက်ဘက် မိုင် ၅၀အကွာ တယ်လ်ဟာဒေသရှိ ရေနံတွင်းတစ်တွင်းအနီး၌ ထောင်ထားသော ဖောက်ခွဲရေးပစ္စည်း၏ စနက်တံကို ဖြုတ်လိုက်ရကြောင်း၊ ထို့အတူ အခြားအဖွဲ့တစ်ဖွဲ့သည် ဘာဆာရာမြို့၏နေရာဒေသပေါင်းစုံကို ဝင်ရောက်စီးနင်းခဲ့ရာ ရာဇဝတ်မှုများဖြင့် အလိုရှိသူလေးဦးအား ဖမ်းမိပြီး ခိုးရာပါကားတစ်စီးကို သိမ်းဆည်းရမိခဲ့ကြောင်း ၎င်းတို့က အဆွတ်အယ်လ်အီရတ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဘာဆာရာမြို့သည် မြို့တော် ဘဂ္ဂဒက်မြို့၏တောင်ဘက် ကီလိုမီတာ ၅၉၀အကွာရှိ ရှီးယိုက်စ်ဘာသာဝင်အများစု နေထိုင်ရာမြို့ဖြစ်သည်။ **(အင်တာနက်)**

ကားထုတ်လုပ်ရေးစက်ရုံ

ဗြိတိန်နိုင်ငံ ဆန်ဒါးလန်းမြို့ရှိ နစ်ဆန်းကားထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို ဇန်နဝါရီ ၂၉ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နီပေါတွင် ထူးဆန်းသောရောဂါဖြင့် ကြက်ကောင်ရေ ၁၀၀၀ ကျော်သေဆုံး

ခတ္တမန္ဒူ ဇန်နဝါရီ ၂၉

နီပေါနိုင်ငံအလယ်ပိုင်းရှိ ခတ္တမန္ဒူမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၄၀အကွာရှိ စင်ဟူလီဒေသရှိ ကျေးရွာတွင် ထူးဆန်းသောရောဂါဖြင့် ကြက်ကောင်ရေ ၁၀၀၀ကျော် သေဆုံးသွားခဲ့ကြောင်း ဒေသတွင်း အာအက်စ်အက်စ်သတင်းဌာနက ဇန်နဝါရီ ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

အလှမ်းဝေး

ရက်အနည်းငယ်အတွင်း ရောဂါမှာ ကူးစက်ပျံ့နှံ့သွားခဲ့ပြီး ကြက်များသေဆုံးခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းကျေးရွာမှာ ဒေသမွေးမြူရေးဌာနနှင့် အလှမ်းဝေးသဖြင့် မွေးမြူရေး နည်းပညာရှင်များ အရောက်အပေါက် နည်းပါးကြောင်း၊ ကြက်များအတွက် ဆေးဝါးများအချိန်မီ မပို့ဆောင်နိုင်ခဲ့သဖြင့် သေဆုံးမှုများပိုမိုဖြစ်ပေါ်ခဲ့ကြောင်း မွေးမြူရေးဌာနအကြီးအကဲက ပြောကြားသည်။

ပထမအကြိမ်

ဇန်နဝါရီ ၁၆ရက်ကလည်း ဂျပါပြည်နယ် ကာကရာဗီတာဒေသ၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားခဲ့သဖြင့် ကြက်ကောင်ရေများစွာကို သုတ်သင်ခဲ့ရသည်။ ယင်းမှာ နီပေါနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေး ပထမဆုံးအကြိမ် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုဇုန်များမှ တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

ဓာတ်ငွေ့နှင့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များ ရောပြွမ်းဖြစ်တည်နေကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆို၏။

ရှင်သန်ပေါက်

သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်နိုင်မှုမလွယ်ကူသော အနေအထားတွင်ရှိသည့် လေထုမသန့်စင်သောအခြေအနေကြောင့် စနေဂြိုဟ်နှင့် ဂျူပီတာဂြိုဟ်တို့တွင်လည်း အပင်များ ရှင်သန်ပေါက်စွမ်းမရှိသည့် အခြေအနေရောက်ရှိကြောင်း သိရသည်။

ဖြစ်တည်မှု

ဟိုက်ဒရိုဂျင်နှင့် ဟီလီယမ်ဓာတ်ငွေ့များ စုဖွဲ့ဖြစ်တည်နေမှုသည် အပူချိန်ကို မြင့်တက်စေသည်ဖြစ်ရာ စနေဂြိုဟ်နှင့် ဂျူပီတာဂြိုဟ်အတွင်းပိုင်း၌ အပူချိန် ၄၀၀၀ဒီဂရီ ကီလ်ဗင်နှင့် ၁၀၀၀၀ ဒီဂရီကီလ်ဗင်အထိ ရှိနေကြောင်း အာကာသ သုတေသန ပညာရှင်များက ပြောကြားသည်။

ယခုတွေ့ရှိရသည့်အချက်မှာ စနေဂြိုဟ်နှင့် ဂျူပီတာဂြိုဟ်တို့၏ နောက်ဆုံးပြောင်းလဲမှုဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး ယင်းဂြိုဟ်များနှင့်ပတ်သက်သော လေ့လာမှုများ ပြုလုပ်သည့် အာကာသ လေ့လာရေးအဖွဲ့များအတွက် အထောက်အကူပြုစေမည့် အချက်ဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။

တူညီ

စနေဂြိုဟ်နှင့် ဂျူပီတာဂြိုဟ်တို့၏ ပုံသဏ္ဍာန်နှင့် ဖွဲ့စည်းမှုအနေအထား မတူညီကြသော်လည်း ဂြိုဟ်များ၏ အတွင်းပိုင်းမျက်နှာပြင်၌ ဓာတ်များ ပေါင်းစည်းဖွဲ့စည်းမှုမှာ အနေအထားတူညီကြောင်း၊ အလင်းတောက်ပမှုလည်း တူညီကြောင်း သိရသည်။

ထိုသို့ ဟိုက်ဒရိုဂျင်နှင့် ဟီလီယမ်ဓာတ်ငွေ့များ ဖြစ်တည်နေခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၄ဒသမ ၅၅ဘီလီယမ်ခန့်က စနေဂြိုဟ်နှင့် ဂျူပီတာဂြိုဟ်များပေါ်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အရှိန်ကြောင့် ဖြစ်ပေါ်လာသော ဓာတ်ရောင်ခြည်များမှ တစ်ဆင့် ဟိုက်ဒရိုဂျင်နှင့် ဟီလီယမ်ဓာတ်ငွေ့များ ယခုကဲ့သို့ စုဖွဲ့ဖြစ်တည်နေခြင်း ဖြစ်သည်ဟု ၄င်းတို့က ပြောကြားသည်။

ထိရောက်

လောလောဆယ်တွေ့ရှိမှုသည် ဂြိုဟ်နှင့် နက္ခတ်တာရာလေ့လာရေး သုတေသန ပညာရှင်များအတွက် ထိရောက်သော လေ့လာတွေ့ရှိချက်တစ်ရပ်ပင် ဖြစ်သည်။ **(အင်တာနက်)**

● *ကျောဖုံးမှ*

ထိုသို့ နေ့စဉ် ခန္ဓာကိုယ်လှုပ်ရှားမှုရှိခြင်းကြောင့် ခန္ဓာကိုယ်အတွင်း သွေးစီးဆင်းမှု မှန်ကန်စေသဖြင့် သွေးတိုးရောဂါများ မဖြစ်ပွားစေကြောင်းလည်း သိရသည်။

ကာကွယ်ပေး

ထို့အပြင် ကလေးငယ်များအနေဖြင့် တစ်နေ့လျှင် အနည်းဆုံး နှစ်မိုင်ခန့် မိဘများနှင့်အတူ သွားလာလှုပ်ရှားခြင်း သို့မဟုတ် လမ်းလျှောက်ပေးခြင်းသည် အသက်အရွယ်ရလာသည့်အခါ နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

အထက(၃) ကြည့်မြင်တိုင် (ယခင်ဗဟိုကျုံးကျောင်း)တွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးတို့အား ကျောင်းသား ကျောင်းသူဟောင်းများက ဇကေဒသမ အကြိမ်မြောက်အဖြစ် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း စကားဖြူခန်းမကြီးအတွင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကျန်းမာရေးမကောင်းသော ဆရာကြီး ဆရာမကြီးများအနေဖြင့် ကျင်းပရေးကော်မတီသို့ ဆောလျင်စွာအကြောင်းကြားနိုင်ပြီး ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ပွဲလှုပ်ရှားမှုပုံရိပ်များ ဖြန့်ဝေပေးနိုင်ရန်အတွက်လည်းကောင်း၊ အလှူငွေများ ထည့်ဝင်နိုင်ရန်အတွက်လည်းကောင်း ဦးမြင့်သန်း (Johnny Brothers) ဖုန်း-၀၉-၅၁-၀၁၀၉၂၊ ဦးအောင်ကျော်ဦး(အောင်သရဖူ) ဖုန်း-၀၉-၅၀-၁၄၂၆၄၊ ဦးစိုးဝင်း(ဆန်နီ) ဖုန်း-၀၉-၅၁-၃၂၀၃၆၊ ဦးချာလီမောင်(မင်္ဂလာဈေး) ဖုန်း-၀၉-၅၀-၁၅၃၁၃၊ ဦးဌေးဝင်း(MRTV) ဖုန်း-၀၉-၅၁-၈၅၆၅၇၊ ဦးတင်စိန်-ဖုန်း-၀၁-၅၂၅၁၁၃၊ ဆရာမဒေါ်ဌေးရီ(ကျောင်း) ဖုန်း-၀၁-၂၂၀၃၈၀၊ ဦးအောင်မြင့် ဖုန်း-၀၉-၅၁-၉၀၈၄၂နှင့် သတင်းထောက်တင်ဝင်းလေး(ကြည့်မြင်တိုင်) ဖုန်း-၀၉-၅၀-၅၀၂၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၃၀-၁-၂၀၀၉ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ **လူကူးမျဉ်းကျားမှကူးမယ်**
၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၅ ၇။ ကွန်ချောင်းရေလှောင်တမံ
၈း၃၀ ၈။ International News
၈း၄၅ ၉။ တေးဂီတအစီအစဉ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄း၁၀ ၂။ အတီးပြိုင်ပွဲ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၄၀ ၅။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(သင်္ချာဘာသာရပ်) (အပိုင်း-ခ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၇။ **တစ်သက်စာ** ထွန်းထွန်း(Examplez)၊ သဇင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၅း၃၀ ၈။ မြန်မာစာ မြန်မာစကား
၅း၄၅ ၉။ နှောင်းခေတ်တေးပဒေသာ
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၁၀ ၁၃။ တေးဂီတအစီအစဉ်
၇း၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၄၈)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၆၈) (ဇာတ်သိမ်းပိုင်း)
၁၉။ အစီအစဉ်ပြီး၏။

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ကျောက်ဆည်)မှ ခရိုင်ဦးစီးမှူး ဦးအေးသက် ဦးဆောင်သော ရှောင်တခင်စစ်ဆေးရေးအဖွဲ့သည် ဇန်နဝါရီ ၂၁ရက်က ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာနေသော ယာဉ်များ ကြွခိုင်မှုရှိ၊ မရှိ၊ သတ်မှတ်လိုင်စင် ကိုင်ဆောင်မောင်းနှင်ခြင်းရှိ၊ မရှိ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ခြင်းရှိ၊မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ကြောင်းနှင့် မော်တော်ဆိုင်ကယ်စီးသူများအား ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်၍ ဆောင်းရန်၊ လူစီးထိုင်ခုံတွင် တစ်ဦးထက် ပိုမတင်ရန် စသည့် ဆိုင်ကယ်စီးသူများလိုက်နာရန် စည်းကမ်းချက်များကို ပညာပေး ရှင်းလင်းအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

မကွေး၌ မြို့ရှောင်လမ်း ပြုပြင်

မကွေး ဇန်နဝါရီ ၂၉

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသည့် မြို့ရှောင်လမ်း ပြုပြင်ခြင်းလုပ်ငန်းကို လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းက ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အရှေ့အာရှနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၂၉

အရှေ့အာရှဒေသရှိ နိုင်ငံအချို့၏ ဇန်နဝါရီ ၂၉ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် ရာသီဥတုအနေအထားများကို အင်တာနက်မှ ရယူဖော်ပြလိုက်ရပါသည်-

တရုတ်

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ ဇန်နဝါရီ ၂၉ရက်က အပူချိန် ၂ဒီဂရီစင်တီဂရိတ်သာရှိခဲ့ပြီး နံနက်ပိုင်း ဆီးနှင်းများ ကျဆင်းခဲ့သည်။ တစ်နိုင်ငံလုံးတွင် အအေးပိုခဲ့ပြီး ဒေသအများအပြား သာယာခဲ့သည်။ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ပြီး မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တရုတ်ကမ်းလွန်၌ မိုးသက်လေပြင်းများ တိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်သည်။ ညအပူချိန်များ ကျဆင်းကာ -၄ဒီဂရီစင်တီဂရိတ်အထိ ရှိမည်ဖြစ်သည်။ ရှန်ဟိုင်း၊ ကွမ်ကျို့၊ စီချွမ်နှင့် ကွမ်တုန်မြို့များတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနိုင်သည်။ တရုတ်နိုင်ငံ တောင်ပိုင်းဒေသများ၌ တိမ်ထူနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်

ဂျပန်နိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၂၉ရက်က နေရာကွက်ကျား မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ တိုကျိုမြို့တွင် နေ့အပူချိန် ၁၀ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ညအပူချိန် ၆ဒီဂရီစင်တီဂရိတ်သာ ရှိခဲ့သည်။ အနောက်မြောက်ဘက်မှ လေအေးများ တစ်နာရီ ၆မိုင်နှုန်းတိုက်ခဲ့သဖြင့် အအေးပိုခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ဂျပန်ကမ်းလွန်တွင် တစ်နာရီ မိုင်၄၀ နှုန်း လေပြင်းများ တိုက်ခတ်နိုင်ပြီး မိုးအနည်းငယ် ရွာသွန်းနိုင်သည်။ ထိုအတူ ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် တိမ်များဖြစ်ထွန်းပြီး မိုးရွာသွန်းနိုင်ကြောင်း၊ အနောက်မြောက်ဘက်မှ လေများ တစ်နာရီ ၂၅မိုင်နှုန်း တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။

တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်တွင် ဇန်နဝါရီ ၂၉ရက်က အပူချိန် -၂ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး နံနက်ပိုင်း ဆီးနှင်းများ ကျဆင်းခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းဒေသများ နေ့အပူချိန် ရေခဲမှတ်အောက်ရောက်ရှိခဲ့ပြီး အရှေ့မြောက်မှ လေအေးများ တစ်နာရီ ၂၅မိုင်နှုန်း တိုက်ခတ်ခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ မြောက်ပိုင်းဒေသများ ညပိုင်းအပူချိန် -၇ဒီဂရီစင်တီဂရိတ်ရှိနိုင်ပြီး အအေးပိုမည် ဖြစ်သည်။ တောင်ကိုရီးယား ကမ်းလွန်ပင်လယ်ပြင်၌ တစ်နာရီ မိုင် ၄၀နှုန်း လေပြင်းများတိုက်ခတ်နိုင်ပြီး လှိုင်းကြီးနိုင်သည်။ အရှေ့မြောက်ပိုင်းဒေသများတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းနိုင်မည် ဖြစ်ကြောင်း ဖော်ပြသည်။

မြောက်ကိုရီးယား

မြောက်ကိုရီးယားတစ်နိုင်ငံလုံးတွင် ပျမ်းမျှအပူချိန် ၇ဒီဂရီစင်တီဂရိတ်သာရှိခဲ့ပြီး မြို့တော်ပြုံယမ်း၌ နံနက်ပိုင်း ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံ မြောက်ပိုင်းဒေသများတွင် တစ်နာရီ မိုင် ၂၀ နှုန်း လေအေးများတိုက်ခတ်ခဲ့ပြီး နေရာကွက်ပြီး မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ အရှေ့မြောက်ပိုင်းဒေသများတွင် အပူချိန် ၃ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းနိုင်ပြီး အအေးပိုလာနိုင်သည်။ တောင်ပိုင်းဒေသများ၌ တိမ်ဖြစ်ထွန်းမည်ဖြစ်သော်လည်း သာယာနိုင်မည် ဖြစ်သည်။ မြို့တော်ပြုံယမ်း၌မူ အပူချိန် -၁ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းကာ အအေးပိုလာဖွယ်ရှိကြောင်း ခန့်မှန်းဖော်ပြထားသည်။ ။ **(အင်တာနက်)**

ရွှေဘိုမြို့နယ် စည်ပင် ချောင်းကူးတံတားတည်ဆောက်

ရွှေဘို ဇန်နဝါရီ ၂၉

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်၊ ကျေးလက်လုပ်ငန်းဖြစ်သော ဇီးဖြူကုန်း-ညောင်ကိုင်း ကျေးရွာချင်းဆက် လမ်းရှိ မုးတိမ်ချောင်းကူး သစ်သားတံတား ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၇ရက်က အမှုဆောင် အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြောက်ဥက္ကလာပ အလက(၁) ယခင်ပွင့်ကောင်းကျောင်း ရွှေရတုအကြိုနှင့် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

အလက(၁)မြောက်ဥက္ကလာပ ယခင်ပွင့်ကောင်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက (၁၉၆၀ပြည့်နှစ်မှ ၂၀၀၉ခုနှစ်)အထိ ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)နံနက်၉နာရီတွင် ကျောင်းရှိ ၄၀ခန်းမဆောင်၌ ရွှေရတု အကြိုပွဲတော်နှင့် တတိယအကြိမ်မြောက် မြတ်ဆရာများအား ပူဇော်ကန်တော့ပွဲကို ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးသန်းထွန်းတင့်(ကျောင်းဖုန်း)၀၁-၆၉၉၃၆၄၊ ဦးခင်ဇော်(စွဲလမ်း)ဖုန်း-၀၉-၅၁-၆၂၁၄၁၊၀၁-၆၉၉၂၆၄၊ ဦးမြင့်ဆွေ(မင်္ဂလာဈေး) ဖုန်း-၀၁-၂၉၈၄၂၃၊ ဒေါက်တာခင်မောင်ဝင်း(ခရမ်း)ဖုန်း-၀၅၆-၃၀၂၇၀၊ ဦးဟုတ်စိန် ဖုန်း-၀၉-၅၁-၉၈၇၄၈၊ ဦးစံအေး ဖုန်း-၀၁-၆၉၉၄၄၁၊ ဦးမြင့်အောင်(သုဝဏ္ဏ)ဖုန်း-၀၉-၅၁-၆၇၇၉၇၊ ဦးမျိုးထွဋ် ဖုန်း-၀၁-၇၂၆၃၁၈၊ ဦးမောင်မောင်စိုး ဖုန်း-၀၁-၆၉၀၃၃၄၊ ကိုထွန်းထွန်းလွင် ဖုန်း-၀၁-၇၂၆၈၄၉၊ ကိုသိန်းစိုး(ဥက္ကဋ္ဌ)ဖုန်း-၀၉-၉၉-၇၁၂၆၁၊ ၀၁-၆၅၁၉၈၆၊ ကိုဇော်မင်း (ဘဏ္ဍာရေးမှူး)ဖုန်း-၀၉-၅၁-၄၀၂၆၆၊ ၀၁-၆၉၀၃၃၁၊ ကိုမြွေးအောင်(သံလွင်စတိုး)ဖုန်း-၀၉-၅၁-၄၂၂၅၃၊ မမြင့်မြင့်ချို ဖုန်း-၀၉-၅၀-၀၆၄၃၃၊ မချောရတနာသန်း ဖုန်း-၀၁-၇၀၄၂၁၃၊ မယဉ်သူ ဖုန်း-၀၁-၇၂၆၇၁၂၊ မဝင်းချိုချို ဖုန်း-၀၁-၇၀ ၀၇၂၂၊မနန်းနွယ်ဦး(ဒေါင်းမင်း)ဖုန်း-၀၉-၅၂-၃၀၇၅၇နှင့် ကိုဝင်းဗိုလ်(အတွင်းရေးမှူး) ၀၉-၅၁-၈၀၉၈၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ရပ်ကွက်များတွင် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၃ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းမှူးအောင်လင်းဦးနှင့် မြို့နယ်စည်ပင်သာယာရေးမှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုး၊ တာမွေကလေးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ စားသောက်ဆိုင်များနှင့် လူနေအိမ်များတွင် မီးသုံးစွဲမှုများ စစ်ဆေးကြစဉ်။ (၁၁၇)

လပွတ္တာမြို့ ရောဝတီဆိပ်ခံတံတားဖွင့်ပွဲနှင့် မြို့ကွက်သစ်တည်ဆောက်နေမှု နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇန်နဝါရီ ၂၆ရက် မွန်းလွဲ ၁၂နာရီခွဲက (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သော လပွတ္တာမြို့ ရောဝတီဆိပ်ခံတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။ (အပေါ်ပုံ)

ယင်းရောဝတီဆိပ်ခံတံတားသည် အောက်ခြေတိုင် သံကူကွန်ကရစ်၊ အပေါ်ထည် သစ်သားဖြစ်ပြီး တံတားအရှည် ၁၀၈ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ၁၀ပေရှိ တံတားဖြစ်ပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော တံတားဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ကျင်းပသော လပွတ္တာမြို့နယ်အတွင်း ကျေးလက် အိမ်ရာများနှင့် Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ တာဝန်ခံများ၊ လပွတ္တာခရိုင်နှင့် မြို့နယ်မှ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

စတင်တည်ဆောက်နေ

လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများ၌ ကျေးလက်အိမ်ရာ ၄၅၄ရလုံးကို တည်ဆောက်လျက်ရှိရာ ၈၅ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေပြီး လေမုန်တိုင်းဒဏ်ခံနိုင်သည့် Cyclone Shelter ခုနစ်လုံးကိုလည်း ကုမ္ပဏီများက စတင်တည်ဆောက်နေပြီဖြစ်သည်။

ယင်းနောက် ဝန်ကြီးသည် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြို့ကွက်သစ် ဖော်ထုတ်ရေးလုပ်ငန်း (သုံးမိုင်စခန်း)ရှိ မြို့ကွက်သစ် ရေရရှိရေးအတွက် ကန်ပေါင်တူးဖော် မြေဖို့လျက်ရှိသော လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

စံပြမြို့တစ်မြို့

လပွတ္တာမြို့ကွက်သစ်ကို စည်ပင်သာယာရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာရှစ်ဦး ဦးစီး၍ မြေထိုးစက် လေးစီး၊ မြေကော်စက် နှစ်စီး၊ လမ်းကြိတ်စက် နှစ်စီးနှင့် မြေသယ်ယာဉ် လေးစီး စုစုပေါင်း ယာဉ်စက်ယန္တရား ၁၂စီးတို့ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ မြို့ကွက်သစ်အတွင်း ခုတင် (၂၀၀)ဆံ့ ဆေးရုံတစ်ရုံ၊ ခရိုင်အဆင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ရဲစခန်း၊ မီးသတ်စခန်း၊ ဂေါက်ကွင်း၊ အားကစားကွင်းများနှင့် လူမှုရေးဆိုင်ရာအဆောက်အအုံများ ပါဝင်မည် ဖြစ်ကြောင်း၊ လူနေရပ်ကွက်များအနေဖြင့် ပေ ၁၀၀ပတ်လည် မြေကွက်များ၊ ပေ ၈၀ပတ်လည် မြေကွက်များ၊ ပေ ၆၀×၈၀ မြေကွက်များ၊ ပေ ၄၀×၆၀ မြေကွက်များ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ လမ်း၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့ကွက်သစ်တွင် အခြေချနေထိုင်လိုသူများအား သင့်တင့်သော မြေကွက်ဈေးနှုန်းဖြင့် နေရာချထားပေးမည်ဖြစ်ကြောင်း၊ ရေလုပ်ငန်းရှင်များအတွက် အအေးခန်းစက်ရုံများ ဆောက်လုပ်လိုပါကလည်း နေရာချထားပေးသွားမည်ဖြစ်ကြောင်း၊ လပွတ္တာမြို့သို့ မြောင်းမြမြို့မှတစ်ဆင့် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ၆၆ကေဗွီအေ ဓာတ်အားလိုင်း ဆက်လက်သွယ်တန်းတော့မည်ဖြစ်ရာ လူမှုရေး၊ စီးပွားရေး အခြေအနေကောင်းများရရှိနိုင်မည့် ခရိုင်အဆင့် စံပြမြို့တစ်မြို့အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်နှင့် မြို့ပြခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး သန်လျင်၌ အထောက်အကူပြုမည့်သုံးဘီးဝန်တင်ဆိုင်ကယ် ယာဉ်လိုင်းဖွင့်

သတင်းမှတ်စုနှင့်ဓာတ်ပုံမှတ်တမ်း - သန်းဝင်း (သန်လျင် ပြန်/ဆက်) စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၉

သန်လျင်မြို့နေပြည်သူများ ခရီးသွားလာမှုလွယ်ကူလျင်မြန်ရေး၊ ကျေးလက်နှင့်မြို့ပြ ကုန်စည်ပို့ဆောင်မှုသွက်လက်မြန်ဆန်ရေးကို အထောက်အကူဖြစ်စေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဌာနခွဲ(၉) ဝန်တင်သုံးဘီး ဆိုင်ကယ်ယာဉ်လိုင်းဖွင့်ပွဲကို ဇန်နဝါရီ ၂၈ရက် နံနက် ၇ နာရီက သန်လျင်မြို့ မြို့မဈေး အနောက်ဘက် ဈေးချိုလမ်းရှိ မော်တော်ယာဉ်ဂိတ်စခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် ဝန်တင်သုံးဘီးဆိုင်ကယ် ပြေးဆွဲခြင်းအခမ်းအနားကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအုန်းမြင့်၊ ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးသန့်နှင့် ယာဉ်ပိုင်ရှင်များ (ကိုယ်စား) ဦးခင်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

သန်လျင်မြို့နယ်အတွင်း ပြေးဆွဲမည့် ဝန်တင်သုံးဘီး မော်တော်ဆိုင်ကယ်များကို တွေ့ရစဉ်။
(မြို့နယ် ပြန်/ဆက်)

ပို့ဆောင်ပြေးဆွဲ

ယနေ့ဖွင့်လှစ်လိုက်သော ဝန်တင်သုံးဘီးဆိုင်ကယ်ယာဉ်များအနေဖြင့် အောင်ချမ်းသာမှ သီလဝါ၊ သန်လျင်မြို့မဈေးမှ ဗိုလ်ချုပ်ကျေးရွာ၊ ကျောင်းကုန်းမှ ဆိပ်ကြီးကျေးရွာများအထိ ပို့ဆောင်ပြေးဆွဲသွားရန် စီစဉ်ထားကြောင်း သိရသည်။

လွယ်ကူ

ယနေ့ ဖွင့်လှစ်လိုက်သော ဝန်တင်သုံးဘီးဆိုင်ကယ်များ၏ ယာဉ်စီးခနှုန်းထားများမှာ တစ်မိုင်လျှင် ကျပ် ၃၀ နှုန်းဖြစ်ပြီး ရန်ကုန်တောင်ပိုင်းခရိုင်၌ ပထမဆုံး ဖွင့်လှစ်ပေးသော ယာဉ်ငယ်လိုင်းတစ်လိုင်းဖြစ်သည်။ သန်လျင်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၇ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈ အုပ်စုနှင့် ကျေးရွာပေါင်း ၅၉ ရွာရှိရာ ကျေးလက်နေပြည်သူများ အချိန်တိုအတွင်း ခရီးသွားလာမှု လွယ်ကူလျင်မြန်စေရန် စီစဉ်ဖွင့်လှစ်ရခြင်း ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါ ဝန်တင်သုံးဘီးဆိုင်ကယ်ယာဉ်လိုင်းကို ရန်ကုန်တောင်ပိုင်း ခရိုင်အတွင်းရှိ မြို့နယ်များ၊ ကျေးလက်ဒေသများအထိ တိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိရာ စိတ်ပါဝင်စားသူများအနေဖြင့် ဦးခင်ဇော်-ဒေါ်ကြီးခင် (တက်နေဝန်း-လယ်ယာသုံးစက်ကိရိယာနှင့် ဝန်တင်သုံးဘီးဆိုင်ကယ် အရောင်းခန်းမ) အမှတ် ၄၃ ဗိုလ်ချုပ်နေဝင်းလမ်း မြို့ဟောင်းအလယ်ရပ်ကွက် သန်လျင်မြို့နယ် ဖုန်း-၀၅၆-၂၂၂၃၂၊ ၀၅၆-၂၁၂၄၃၊ ၀၉-၅၀-၅၅၉၈၇၊ ၀၉-၅၁-၁၀၄၇၉ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဝန်တင်သုံးဘီး မော်တော်ဆိုင်ကယ်ဂိတ်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအုန်းမြင့်၊ ခရိုင်မော်တော်ယာဉ် အတွင်းရေးမှူး ဦးမျိုးသန့်နှင့် ယာဉ်ပိုင်ရှင်များ(ကိုယ်စား) ဦးခင်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

သန်လျင်မြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၇ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈ အုပ်စုနှင့် ကျေးရွာပေါင်း ၅၉ရွာ ရှိရာ ကျေးလက်နေပြည်သူများ အချိန်တိုအတွင်း ခရီးသွားလာမှု လွယ်ကူလျင်မြန်စေရန် စီစဉ်ဖွင့်လှစ်။

ခင်ဦးမြို့နယ်၌ မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ် စာကြည့်တိုက်ဖွင့်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် သရက်ပင်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက်က အဆိုပါကျောင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကျောင်းဆောင်ပြုပြင်ရန် ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် အခမ်းအနားသို့ တက်ရောက်လာသည့် သရက်ပင်စု၊ အင်းပါတ်၊ မကျီးအုပ်၊မှူးသာ၊ ညောင်ပင်ကြီးစု၊ သဲကုန်းကြီးနှင့် ရွာသစ် ကျေးရွာများမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဗလာစာအုပ်နှင့် အားကစားပစ္စည်းများ ပေးအပ်သည်။

တည်ဆောက်ခဲ့

ပညာရေးဝန်ကြီးဌာနသို့ ယနေ့ လွှဲပြောင်းပေးအပ်သော ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုးကျောင်းဆောင်ဖြစ်ပြီး နိုင်ငံတော်၏ ပံ့ပိုးငွေကျပ်သိန်း ၇၀၊ ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ် ၁၂၄ သိန်းတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံ

ယင်းနောက်ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ရေဦးမြို့နယ် အုန်းနပေါင်းကျေးရွာမူလတန်းကျောင်း၌ ဖန်းခါးဇင်၊ ပုဏ္ဏကားအင်တော၊ ဖိန်းကား၊ ကြာပန်းညို၊ လေးရွာ၊ မုံတိုင်ပင်၊ ရွာဗိုကြီး၊အင်ပင်၊ တူမောင်း၊ ဝသဲနှင့်ကံပေါက်ကျေးရွာများမှ ဒေသခံပြည်သူ ၁၅၀၀နှင့်တွေ့ဆုံသည်။

ယင်းအခမ်းအနားတွင် ကုန်သည်အသင်းချုပ်ဥက္ကဋ္ဌက ရေဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ဝတ်စုံစရိတ်ထောက်ပံ့ငွေကျပ် ၅၇၀၀၀၀ကို ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဝန်ကြီးသည် ဆောက်လုပ်ဆဲကျောင်းဆောင်သစ်အတွက် ငွေကျပ် ၁၀သိန်း၊ ဘိလပ်မြေအိတ် ၃၀၊ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် တန့်ဆည်မြို့သို့ရောက်ရှိပြီး အမှတ်(၂) ခေတ်မီဈေးသစ်ကြီး တည်ဆောက်နေမှုနှင့် မြို့နယ်အားကစားကွင်း အုတ်တံတိုင်းကာရံနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်ဝန်ကြီးသည် ချောင်းဆုံ(တောင်)ရွာရှိ ထွန်းရွှေဝါ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ကျေးရွာဥက္ကဋ္ဌ၊ အလှူရှင် ထွန်းရွှေဝါ မိသားစု ကိုယ်စားလှယ်နှင့်ရပ်မိရပ်ဖတစ်ဦးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးက စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ချောင်းဆုံ(တောင်)ကျေးရွာအုပ်စု မူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ကုန်သည်အသင်းချုပ်ဥက္ကဋ္ဌက အင်ကုက္ကား-ချောင်းဆုံ(တောင်)ကျေးရွာချင်းဆက်လမ်းအတွက် ဒီဇယ်ဆီဂါလန်၁၀၀၊ဒေါင့်ကြီးကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ဘိလပ်မြေအိတ် ၁၀၀၊ လယ်တီးကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ဘိလပ်မြေအိတ်၁၅၀နှင့်သွပ် ၁၂၀၊ နဘတ်ကြီးကျောင်းမှ ဆရာ ဆရာမများအတွက် ဝတ်စုံစရိတ်ထောက်ပံ့ငွေကျပ် ၆၇၀၀၀၀နှင့် ရေမြောင်းရေထိန်းတံခါးအတွက် ဘိလပ်မြေအိတ် ၅၀တို့ကို ပေးအပ်လှူဒါန်းသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဝန်ကြီးသည် ချောင်းဆုံ(တောင်)ကျေးရွာ မူလတန်းကျောင်းအတွက် ဘိလပ်မြေအိတ်၁၀၀နှင့် လယ်တီးကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ဘိလပ်မြေအိတ်၁၀၀၊ ဆန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလှပေါက ဖလံကိုင်းမူလတန်းကျောင်းအတွက် ငွေကျပ်သုံးသိန်း၊ ချောင်းဆုံ(တောင်) ကျေးရွာမူလတန်းကျောင်းအတွက် ထွန်းရွှေဝါမိသားစုက ငွေကျပ်သိန်း ၃၀နှင့် အလှူရှင်ဦးကျော်ဇောက ငွေကျပ်သိန်း ၂၀တို့ကို ပေးအပ်လှူဒါန်းကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် ၄၂လမ်း အမှတ်(၉၉)(မြေညီထပ်နေ)ဟာဂျီမ မမေရမ်နှင့်ညီမ ဟာဂျီမ မအေးမြင့်တို့က ကင်ဆာဆေးရုံကြီးကို စတင်တည်ထောင်ခဲ့သော ဆရာကြီး ဦးလှထွန်းနှင့်တကွ ကွယ်လွန်သူတို့အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌကိုယ်စား သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ခင်ခင်ယုတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

လာမည့်သောကြာ ခယ်မအမြန်အစွဲထုတ်ရန်ရှိသည် ရုံဝင်မည်

ကိုကြီးစိုး
ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇန်နဝါရီ ၂၉

ဖြိုးနှင့်မင်းရုပ်ရှင်ထုတ်လုပ်ရေးမှစီစဉ်ပြီး အကြည်တော်၏ဝတ္ထုကို စိုးကျော်ဆန်းဇာတ်ညွှန်းခွဲကာ ဒါရိုက်တာ ဇာတ်ပုံအဏ်ထော်ဏီ (မော်လမြိုင်) ရိုက်ကူးသည့် ဒီဝါကျွတ်အမီ ခယ်မအမြန်အစွဲထုတ်ရန်ရှိသည် ရုပ်ရှင်ဇာတ်ကားကြီး လာမည့်သောကြာပတ်တွင် ရုံဝင်လာမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် ကျော်ရဲအောင်၊ စိုးမြတ်သူဇာ(နှစ်ကိုယ်ခွဲ)၊ ဇေလုဝ၊ ကင်းကောင်၊ ဇော်ဝမ်း၊ လျှမ်းပြည့်၊ မော့စ်၊ အရိုင်း၊ ကုသိုလ်၊ ဧရာ၊ ညီကျော်၊ ဇင်မျိုး၊ ညောင်ညောင်၊ မန်းဝင်း၊ ဇော်ဝင်းနိုင်၊ မင်းဇော်၊ ချစ်စရာနှင့် ဝွမ်းပုံကြီးတို့ ပါဝင်ထားသည်။

ငယ်သူမို့မသိပါ

အဆင့်မြင့်ရုံများတွင် ပြဆဲဇာတ်ကားများနှင့် ပြပြီးဇာတ်ကားများ တစ်ကျော့ပြန် ရုံဝင်လာသည်။ မင်္ဂလာရုံတွင် ဂျိမ်းစ်ဘွန်းဇာတ်ကား **Quantum of Solace**၊ ရွှေ့ဆောင်ရုံတွင် **Death Race**၊ နေပြည်တော်ရုံတွင် **Eagle Eye**နှင့် သွင်ရုံတွင် **The Mummy** ဇာတ်ကားတို့ပြသနေပြီး သမ္မတရုံတွင် **ငယ်သူမို့မသိပါ**ဇာတ်ကား နောက်ဆုံးပတ်အဖြစ် ပြသနေသည်။

တန်းမြင့်မြို့မရုံတွင် စွမ်းအားရှင်မယ်တော်နှင့်ဆင်လိမ္မာ၊ မျောက်လိမ္မာတို့ပါဝင်ထားသော **Annai Kalikaambal** အိန္ဒိယ ဇာတ်ကားရုံဝင်လာသည်။ ပါရာဝသီနှင့်ရီပဒီတို့ ညီအစ်မနှစ်ဦးအား စွမ်းအားရှင်မယ်တော်နှင့် ဆင်လိမ္မာ၊ မျောက်လိမ္မာတို့က အရေးကြုံတိုင်း ကယ်တင်စောင့်ရှောက်ပေးပုံများကို **Graphic Effects** များဖြင့် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

အကယ်ဒမီရွှေပြဆဲ

ဒါရိုက်တာညီညီထွန်းလွင် ရိုက်ကူးသည့် **အကယ်ဒမီရွှေ့**ဇာတ်ကားမှာ မြို့လယ်ဝဇီရာ၊ လှိုင်သာယာဝဇီရာ(၂)၊ ရွှေမန်းနှင့် သီတာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်ပြီး **မိုးပေါ်ခုန်တက်ကလိုက်ချင်ပါတယ်** ဇာတ်ကားမှာ ဆုထူးပန်ရုံတွင် တစ်ကျော့ပြန် ရုံဝင်လာသည်။

မင်္ဂလာရုံဝင် Quantum of Solace ဂျိမ်းစ်ဘွန်း ဇာတ်ကား။

စက္ကူမှဲ့ဓားသမား

ဒါရိုက်တာသတိုးစောရိုက်ကူးသည့် စက္ကူမှဲ့ဓားသမားနှင့် ချိုင်းထောက်ဘညို အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီ၊ ရတနာပုံနှင့် မြရတနာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

အချစ်မူးတော့ရူးမိတယ်

မင်းဗီဒီယိုဖြန့်ချိရေးအတွက် ချမ်းသာ(ရွှေမန်းသဘင်)၏ ဇာတ်လမ်းကို ဇမ္ဗူထွန်းသက်လွင် ရိုက်ကူးထားသည့် **အချစ်မူးတော့ရူးမိတယ်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားအထူးပွဲကို ရွှေမန်းရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၂၅ရက်က အထူးပွဲပြသသည်။

ဆွေကြီးမျိုးကြီးမှ ဆင်းသက်ပြီး ကျိုကျိုတက်ချမ်းသာသူ ဟိန်းဝေယံက မန္တလေးအလည်သွားပြီး စားသောက်ဆိုင်တွင် သီချင်းဆိုဖျော်ဖြေသူ နဝရတ်ကို အရူးအမူးချစ်ကာ မိဘသဘောမတူသည့်ကြားက လက်ထပ်ယူလိုက်သည်။ နောက်ဆုံးအလွှာချင်းမတူ ဘဝချင်းပေါင်းစပ်၍ မရဟုဆိုကာ ကွာရှင်းကြသည်။ ကွာရှင်းပြီးခါမှ ဇနီးကိုမခွဲနိုင်ဟုဆိုကာ အရက်နှင့်အဖော်ပြုသည်။ အခန်းအောင်သည်။ သူငယ်ချင်းများကို အဆက်ဖြတ်သည်။ မိဘနှင့် သူငယ်ချင်းများက နဝရတ်နှင့် ချွတ်စွပ်တူသူ နောက်ထပ် နဝရတ်တစ်ယောက်ရှာပြီးပေးစားရာမှ **အချစ်မူးတော့ရူးမိတယ်** ဇာတ်လမ်းဖြစ်လာသည်။

ဟိန်းဝေယံနှင့်နဝရတ် တို့သည် သရုပ်ဆောင်ကောင်းပါသည်။ သို့သော် အချိန်နှင့်အမျှ တိုးတက်နေသောခေတ်ကို မျက်ကွယ်ပြုကာ မိန်းမသားတစ်ဦးအတွက် အရက်နှင့်ဘဝကို ရေစုန်မျောမိသော လူငယ်တစ်ယောက်အကြောင်း ရိုက်ပြထားသည်မှာ လူငယ်သင်ခန်းစာပေး ဇာတ်ကားကောင်းဟု ပြောရမည်မှာ ခက်လှပေသည်။ ။ **(မြန်မာ့အလင်း)**

ငယ်သူမို့မသိပါဇာတ်ကားမှ လူမင်းနှင့် ချစ်သုဝေ။

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

ရေဦးမြို့ ဟာရင်ပီး(ခ)ကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ချင်းပြည်နယ် ရေဦးမြို့ ဟာရင်ပီး(ခ)ကျေးရွာ၌ ဇန်နဝါရီ ၁၃ရက်က ပညာအလင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးစောမြင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်ကြိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးဟာထန်းက စာကြည့်တိုက် အခြေခံအင်္ဂါရပ်ကို ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

မိုးညှင်း၌ ကာကွယ်ဆေးတိုက်နေ့ အသိပေးဆွေးနွေး

အမျိုးသားကာကွယ်ဆေးတိုက်နေ့ (၂၀၀၉) ဒုတိယအကြိမ် ဖေဖော်ဝါရီ ၇ရက်အတွက် အသိပေးဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် မွန်းလွဲ ၁နာရီက မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မိုးညှင်းမြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန် က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနွယ်နွယ်ဝင်းက အမျိုးသားကာကွယ်ဆေးတိုက်နေ့များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

တီးတိန်၌ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

တီးတိန်မြို့နယ် စာကြည့်တိုက်များအတွက် ကလေးမြို့နေ မစုစုရည်(နှင်းသက်သက်ဝေစာပေ-စတိုး) မိသားစုကမဂ္ဂဇင်းမျိုးစုံ အုပ်၃၄၀ကို ဇန်နဝါရီ ၂၇ရက်က တီးတိန်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က လက်ခံယူပြီးရရှိသော စာအုပ်များကို ကျေးရွာစာကြည့်တိုက် သုံးတိုက်သို့ ဆက်လက်ပေးပို့သည်။ (မြို့နယ် ပြန်/ဆက်)

ဗန်းမော်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ကချင်ပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်လက်ထောက်ဦးစီးမှူး ဦးစိုးမြင့်သည် ဗန်းမော်မြို့နယ် မီးသတ်ဦးစီးမှူး ဦးသိန်းထွန်းဦးနှင့်အဖွဲ့ လိုက်ပါလျက် ဇန်နဝါရီ ၂၀ရက် နံနက် ၁၀နာရီက ဗန်းမော်မြို့ အမှတ်(၁)သီရိမင်္ဂလာဈေးကြီး မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ထားရှိမှု အခြေအနေများကို သွားရောက်စစ်ဆေး ကြည့်ရှုကြသည်။ **(ခရိုင် ပြန်/ဆက်)**

အထက(၁)ရေဦး အာစရိယပူဇော်ပွဲကျင်းပ

ရေဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (၁၆)ကြိမ်မြောက်အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက် ၁၀နာရီက ကံ့ကော်ဆောင်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၂၄ဦးအား ပူဇော်ကန်တော့ကြသည်။ (ဝ၃၄)

နွားထိုးကြီး၌ ဝါကြိတ်စက်ပြင်ဆင် ဆောင်ရွက်

နွားထိုးကြီးမြို့နယ်၌ စက်မှု(၁)ပိုင် ဝါဂွမ်းကြိတ်စက်ကို အင်ဂျင်စက်မှ လျှပ်စစ်ဓာတ်အားသုံးမော်တာဖြင့် ဝါကြိတ်ခွဲရန် မြန်မာ့အထည်အလိပ်လုပ်ငန်း(ဝါကြိတ်စက်ရုံ)ကို ဇန်နဝါရီ ၁၃ရက်က လုပ်ငန်းပြင်ဆင်နေသည်။ ကြိတ်စင် ၁၂စင်ပါသော အဆိုပါဝါကြိတ်စက်မှ မြို့နယ်ထွက် ဝါမျိုးစုံကြိတ်ခွဲမည်ဖြစ်ပြီး နွားထိုးကြီးမြို့နယ်၌ ဝါစိုက်ဧက ၉၀၀၀ကျော်ရှိကြောင်း သိရသည်။ **(ဝ၉၂)**

ကနီမြို့၌ ကာကွယ်ဆေးတိုက်ကျွေး

စစ်ကိုင်းတိုင်း ကနီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ငါးနှစ်အောက်ကလေးများ ပိုလီယိုကာကွယ်ဆေးတိုက်ခြင်းကို ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီက မြို့နယ်မိခင်နှင့်ကလေး အသင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကပ်ကျော်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်မာမာအေးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်ဝင်းရီတို့က ဆေးတစ်ပြိုင်တည်းတိုက်၍ ဖွင့်လှစ်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်တန်း-ကျွန်းပြားလမ်း ကျောက်ချောလမ်းခင်း

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းတံတားအသုံးစရိတ်မှ ကျောက်တန်း-ကျွန်းပြားလမ်း ကျောက်ချောခင်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေတို့က ကြီးကြပ်ကွပ်ကဲဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြက်တောင်ရိုက်ဗိုလ်လုပွဲနှင့် စားပွဲတင်တင်းနစ် ဆုချီးမြှင့်

၂၀၀၉ခုနှစ် တတိယအကြိမ် မြို့နယ်ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် စားပွဲတင်တင်းနစ် အားကစားဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက် ညနေပိုင်းက နေပြည်တော်တပ်ကုန်းအားကစားခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနေအောင်နှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဆုရသူများအား ဆုများချီးမြှင့်ကြသည်။ (စာပေနှင့်စာနယ်ဇင်း)

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများပူးပေါင်း၍ မီးသတ်ယာဉ်၊ မီးသတ်စက်ငယ်များဖြင့် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုကို ဒီဇင်ဘာ ၂၂ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းညွှန့်နှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်မြင့်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အမက(၅၆)အမရပူရ ကျောင်းသားများအား အာဟာရကျွေးမွေး

မန္တလေးတိုင်း အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ညောင်နီပင်ကျေးရွာ အမက(၅၆)ကျောင်းမှ ကျောင်းသား ကျောင်းသူများအား အလှူရှင်ဦးမောင်ကြိုင်-ဒေါ်တင်တင်တို့က သမီးဖြစ်သူ တတိယတန်းမှ မဇူလိုင်စိုး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၇ရက်က အာဟာရဒါန ထမင်းကျွေးလှူဒါန်းသည်။ (ဝ၈၀)

ဖောက်လုပ်ဆဲကျိုက္ခမီ-စက်စဲ အဖြောင့်လမ်းပိုင်းမှ လှမ်းမြင်ရသည့် ကမ်းခြေအလှကို ဤသို့သာမောဖွယ် တွေ့ရသည်။

✻ ကျောဖုံးမှ

မည်သူမျှ အိပ်မက်ပင်မမက်ဖူးခဲ့သည့် မြန်မာနိုင်ငံ၏ အရှည်ဆုံး သံလွင်တံတား(မော်လမြိုင်)ကို ဖြတ်သန်း၍ မော်လမြိုင်မြို့သို့ မိမိတို့အချိန်တိုအတွင်း ရောက်ရှိခဲ့ကြသည်။

မိမိတို့သတင်းအဖွဲ့သည် မော်လမြိုင်မြို့မှတစ်ဆင့် သံဖြူဇရပ်မြို့နယ်သို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး ကရပွိချောင်းတံတားတည်ဆောက်နေမှုကို လေ့လာခဲ့ကြသည်။

ကြိုးပမ်းမှု

မော်လမြိုင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာဦးစိုးသိန်းက “ကရပွိတံတားမှာ အရှည်ပေ ၃၀၀၊ အကျယ် ၁၈ ပေ၊ လူသွားလမ်း ၂ ပေ ဖလက်မစီရှိပြီး နိုင်ငံတော်၏ ပံ့ပိုးမှုနှင့်ဒေသခံပြည်သူများ၏ ကြိုးပမ်းမှုဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ယခုအခါ စီမံကိန်းလုပ်ငန်း၏ ၆၀ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း”ဖြင့် ရှင်းပြသည်။

တစ်ဆက်တည်းမှာပင် “မူလတံတားမှာ ရထားတံတားဖြစ်၍ ယာဉ်များ ယာယီသာ သွားလာနိုင်ကြောင်း၊ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းရာတွင် အန္တရာယ်ရှိရုံမက ကုန်စည်စီးဆင်းမှုလည်း နှောင့်နှေးခဲ့ရကြောင်း”ဖြည့်စွက်ပြောကြားသည်။

ကရပွိကျေးရွာရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကာတွန်းကလည်း **“ဒီတံတားကြီးပြီးသွားရင် ကမ်းခြေတစ်လျှောက်ရှိ ပင-ကရပွိ-ဝဲကလောင်း-အံခဲ-ကော့လေး-ထင်းရှူး-အနင်း-နှစ်ကရင်-လမိုင်း-မော့ကနင်ကျေးရွာများကို ပိုပြီးအလွယ်တကူ သွားလာနိုင်မှာပေါ့”** ဟူ၍ ရှင်းပြသည်။

အဓိကကျ

မိမိတို့သတင်းအဖွဲ့သည် သံဖြူဇရပ် မြို့နယ်ရှိ ကျိုက္ခမီ-စက်စဲကမ်းခြေ အဖြောင့်လမ်းဖောက်လုပ်နေမှုကိုလည်း ဝင်ရောက်ကြည့်ရှုလေ့လာခဲ့သေးသည်။ လမ်းအရှည်မှာ ၁၄မိုင်ဖြစ်သည်။ ခရီးမိုင်အားဖြင့် တိုတောင်းသော်လည်း အချက်အချာအားဖြင့် အဓိကကျလှသည်။

မူလအားဖြင့် ကျိုက္ခမီနှင့်စက်စဲသည် တစ်လမ်းစီဖြစ်၍ ကွေ့ပတ်သွားလာနေရသည်။ ယခုအခါ အဖြောင့်လမ်းပြီးစီးပါက ကျိုက္ခမီနှင့်စက်စဲကို တိုက်ရိုက်သွားလာနိုင်ရုံမက ကမ်းခြေ၏သာယာလှပသော သဘာဝအလှတရားကို မော်တော်ယာဉ်ပေါ်မှ တောက်လျှောက်ခံစားနိုင်ကြပေတော့မည်။

မိမိတို့သတင်းအဖွဲ့သည် ဖောက်လုပ်ဆဲ ကျိုက္ခမီ-စက်စဲအဖြောင့်လမ်းလုပ်ငန်းခွင်သို့ သွားရောက်လေ့လာရင်း View Point အရောက်တွင် ခရီးတစ်ထောက် နားခဲ့ကြ၏။

ပြာလဲ့သော မိုးကောင်းကင်နှင့် စိမ်းလဲ့သောပင်လယ်ရေပြင်တို့ကား မျက်စိပသာဒရှိလှဘိ။ လှိုင်းခတ်သံ၊ ပင်လယ်အော်သံတို့ကလည်း သဘာဝတေးဂီတသံစဉ်ကို ခံစားရသလိုပင်။

ကတ္တရာလမ်း

အဆိုပါ ကျိုက္ခမီ-စက်စဲအဖြောင့်လမ်းကို မြေသားလမ်းမှ ကတ္တရာလမ်းအဆင့်အထိ တိုးတက်ဖောက်လုပ်ရန်လျာထားပြီး လမ်းပိုင်းအတွင်း တံတား စုစုပေါင်း ၁၃စင်းပါဝင်ကြောင်း သိရသည်။ ယခုတံတားသုံးစင်း ပြီးစီးလျက်ရှိသည်။

နိုင်ငံတော်၏ပံ့ပိုးမှုနှင့် ဒေသခံပြည်သူများ၏ ကြိုးပမ်းမှုဖြင့် ရေးမြို့နယ်တွင်လည်း အရှည်ပေ ၁၅၀၊ အကျယ် ၁၈ ပေနှင့် လူသွားလမ်း သုံးပေစီရှိ အစင်တံတား၊ အရှည်ပေ ၁၈၀၊ အကျယ် ၁၈ပေနှင့် လူသွားလမ်း သုံးပေစီ

စီမံကိန်းလုပ်ငန်း၏ ၆၀ရာခိုင်နှုန်းပြီးစီးလျက်ရှိသည့် ကရပွိတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ပါရှိသော ဇီးဖြူသောင်တံတားတို့လည်း ဆောက်လုပ်ပြီးဖြစ်ကြောင်း သိရသည်။

စုစုပေါင်း

လမ်းအားဖြင့် ယခင်က ၂၂ လမ်းရှိခဲ့ရာမှ ယခုခေါ်ဇာနှင့် လမိုင်းလမ်းပိုင်း အပါအဝင် ၂၄ လမ်းအထိရှိခဲ့ပြီး ကတ္တရာလမ်း ၃၅၈ မိုင် ၅ဖာလုံ၊ ကျောက်ချောလမ်း ၁၁မိုင် ၅ဖာလုံ၊ အမာခံလမ်း ၄၉မိုင် ၆ဖာလုံနှင့် မြေသားလမ်း ၃၃မိုင် ၂ဖာလုံ၊ တံတားပေါင်း ၁၄၃၅စင်းအထိ ရှိခဲ့လေပြီ။

၁၉၈၈ ခုနှစ်မတိုင်မီက မွန်ပြည်နယ်အတွင်း ပေ ၁၈၀ အထက်တံတားကြီးများအဖြစ် သဲဖြူချောင်း၊ ဘီးလင်းချောင်း နှင့် ခဝါချောင်းကူးတံတား သုံးစင်းသာရှိခဲ့ရာမှ ယခုမူ ဂျိုင်း(ဇာသပြင်)၊ အတ္ထရံ၊ သံလွင်တံတား (မော်လမြိုင်)၊ ဝင်းဖနုံ၊ နီးပဒေါ၊ ဝဲဝင်ကရာ၊ ကွမ်ကျိုက်၊ ကြိုးတန်းတံတားကြီးများနှင့် မြန်မာ့မီးရထားမှ တာဝန်ယူဆောက်လုပ်ခဲ့သည့် ရေးတံတားကြီးအပါအဝင် တံတားကြီး စုစုပေါင်း ၁၂စင်းရှိခဲ့ချေပြီ။

ရန်ကုန်-မြိတ် ပြည်ထောင်စုလမ်းမကြီးသည်လည်း ပေါ်ထွန်းလာခဲ့ချေပြီ။

ဖွံ့ဖြိုးတိုးတက်

သံလွင်ချောင်းခြားဖြစ်နေသည့် မွန်ပြည်နယ်ကို ပြည်တွင်းနှင့် ဥဒဟို အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန် မည်သူမျှ အိပ်မက်ပင် မမက်ခဲ့ဖူးသည့် သံလွင်တံတား(မော်လမြိုင်)အပါအဝင် လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို မိမိတို့ သတင်းအဖွဲ့ဝင်များ ဤသို့၊ ဤနယ်ကြားမြင်သိရှိခဲ့ရပေသည်။ ။

(မြန်မာ့အလင်း)

ကျိုက္ခမီစက်စဲ အဖြောင့်လမ်းပိုင်း ဖောက်လုပ်ထားရှိမှုကို ဤသို့တွေ့ခဲ့ရသည်။

TheLive News ဂျာနယ် အမှတ်(၁၁၇)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

ယခုအပတ်ထုတ် TheLive News ဂျာနယ် အမှတ်(၁၁၇)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ အစားအစာနှင့် ဆေးဝါး၊ မြင်းမူမောင်နိုင်မိုး၏ သာစွမြောင်စမ်း အလွမ်းငွေ့ဖြာဝေ နာဂတောင်တန်း ချမ်းမြေ့စရာပေ(၂)၊ နီမင်းဆွေ၏ ချစ်ဆိပ်ရည်(၉)၊ ကိုကိုလှိုင်၏ ကြွက်တစ်ထောင်နှင့် ကြောင်ခြေကျိုး(သို့မဟုတ်) နေတိုးနှင့် တာလီဘန်၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့သမိုင်းထဲက သယ်ယူပို့ဆောင်ရေးယာဉ်များ သမိုင်းကြောင်း(၉)၊ ရန်ကုန်ဝန်းကျင်ကို ဝန်းပတ်ပြေးဆွဲနေတဲ့ မြို့ပတ်ရထားလိုင်းများ၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည်အပိုင်း(၁၁)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၂၀)၊ သစ်လွင်မိုး၏ ဂါဇာအတွက် လင်းလက်လာတဲ့ ငြိမ်းချမ်းရေးရောင်ခြည်၊ မိုး(ပျဉ်းမနား)၏ နိုင်ငံခြားကိုသွားမယ်စိတ်ကူးရင်၊ တမီလ်ကျားတို့နေဝင်ချိန်၊ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း နှလုံးသွေးကြောပိတ်ရောဂါခွဲစိတ်ကုသမှုခံယူ၊ထိုင်းဝန်ကြီးချုပ်သစ်ရဲ့ မျှော်မှန်းချက်၊ ဂျပန်ပြည်သူများ အိုဘားမား၏ မိန့်ခွန်းများမှ အင်္ဂလိပ်စာလေ့လာလျက်ရှိ၊ အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန် အစ္စရေးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှစ်ဦး သဘောတူ၊ မိုက်ခရိုဆော့ဖ်ကုမ္ပဏီ နှစ်ပေါင်း ၃၃နှစ် အတွင်း ပထမဆုံးအကြိမ် ဝန်ထမ်းအများအပြားလျှော့ချ၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

မှာယူဖတ်ရှုနိုင်

TheLive News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်းဖတ်ရှုသူ အိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ် ၃၁၀ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀-၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

နယ်ပယ်ကဏ္ဍအသီးသီး

ယနေ့ခေတ် ယနေ့အချိန်အခါသည် သိပ္ပံနှင့်နည်းပညာများ ကမ္ဘာအရပ်ရပ်တွင် ထွန်းကားနေလေပြီ။ နယ်ပယ်ကဏ္ဍ အသီးသီးတွင် သိပ္ပံနှင့်နည်းပညာများက အသီးသီးအလီလီ နေရာယူထားလေပြီ ဖြစ်သည်။ လယ်ယာကဏ္ဍတွင်လည်း စိုက်ပျိုးရေးသုတေသီများက မျိုးကောင်းမျိုးသန့်များ စမ်းသပ်ရှာဖွေ ထုတ်လုပ်ခြင်း၊ စိုက်စနစ်များ တိုးတက်ကောင်းမွန်အောင် သုတေသနပြုဆောင်ရွက်ခြင်း၊ ဓာတ်မြေဩဇာကို စနစ်တကျ အချိုးကျသုံးစွဲခြင်းတို့ဖြင့် နည်းပညာနှင့်ယှဉ်တွဲသော စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နေကြပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း မကြာသေးသည့်နှစ်များက လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလုပ်ကိုင် လာကြပြီ ဖြစ်သည်။ ထို့အပြင် ခေတ်မီလယ်ယာစနစ်ခေါ် စံပြလယ်ယာစနစ်ကိုလည်း ဖော်ဆောင်လုပ်ကိုင်လာနေကြပေပြီ။

မှန်ကန်စွာအသုံးချရေး

ခေတ်မီလယ်ယာစနစ်သည် ကျွဲ၊ နွားများနှင့် လုပ်ကိုင်နေသည့် နေရာတွင် လယ်ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အစားထိုး လုပ်ကိုင်ရေး၊ မျိုးကောင်းမျိုးသန့်များဖြင့် အစားထိုးလုပ်ကိုင်ရေး၊ စိုက်ပျိုးရေ အလုံအလောက်ရရှိရေး၊ စိုက်စနစ်များ မှန်ကန်စွာအသုံးချရေးနှင့် မြေဩဇာများ အချိုးကျသုံးစွဲရေး စသောအချက်များပေါ်တွင် အခြေခံလျက်ရှိပေသည်။

မကြာမီက သတင်းအဖွဲ့သည် နေပြည်တော် တပ်ကုန်းရှိ ဆင်သေရေလှောင်တမံသို့အသွား ရန်ကုန်-မန္တလေး ကားလမ်းမကြီး တစ်နေရာတွင် မုံရွာစက်မှုဇုန်မှ ထုတ်လုပ်သည့် လယ်ထွန်စက်ငယ်များ မော်လမြိုင်နှင့်ဘားအံမြို့နယ်များရှိ တောင်သူလယ်သမားများအတွက် ပေးပို့ခဲ့ရာ စီတန်းမောင်းနှင်ထွက်ခွာလာသော မြင်ကွင်းကိုမြင်တွေ့ခဲ့ရသည်။ သတင်းအဖွဲ့အနေဖြင့် သိလိုသည်များကို မေးမြန်းရသည်။

"ကျွန်တော်တို့ ဒီထွန်စက်တွေကို မုံရွာစက်မှုဇုန်မှ သီဟထွန်းကုမ္ပဏီလီမိတက်က ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ ချင်းတွင်းသားလို့ အမည်ပေးထားတဲ့ လေးဘီးထွန်စက်ငယ်နဲ့ တွဲဖက်သုံးနိုင်တဲ့ ထွန်ယက်ကိရိယာတွေ ထုတ်လုပ်ပေးနေပါတယ်။ ဒါ့အပြင် သမန်းမွှေကိရိယာ၊ ၁၂သွားထွန်၊ ကိုးသွားထွန်နဲ့ သုံးသွားသိပ္ပံထယ်တို့ကိုလည်း ထုတ်လုပ်ပါတယ်။ ဒီထွန်စက်ငယ်တွေကို အရစ်ကျစနစ်နဲ့ ရောင်းပေးနေပါတယ်။ ထွန်စက်ရဲ့တန်ဖိုးကတော့ ကျပ်သိန်း ၄၀ ဝန်းကျင် ဖြစ်ပါတယ်။ ပထမအရစ် ၄၀ရာခိုင်နှုန်း၊ ဒုတိယအရစ် ၃၀ ရာခိုင်နှုန်းနဲ့ တတိယအရစ် ၃၀ရာခိုင်နှုန်းဖြင့် ရောင်းချပေးနေပါတယ်။ ကျွန်တော်တို့ ဒီစက်ရုံကို ထူထောင်ခဲ့တာ သုံးနှစ်ရှိခဲ့ပါပြီ၊ တစ်လကို ၂၅စီး ထုတ်လုပ်ပါတယ်။ အခုအထိ ထွန်စက်အစီး ၂၀၀ကျော် ထုတ်လုပ်ရောင်းချခဲ့ပြီးဖြစ်ပါတယ်"ဟု ကုမ္ပဏီတာဝန်ရှိသူ ဦးမြင့်သိန်းက ရှင်းပြသည်။

"ဒီထွန်စက်တွေရဲ့ စွမ်းဆောင်နိုင်ရည်ကိုလည်း ရှင်းပြပေးပါဦးခင်ဗျ" ကျွန်တော်က မေးသည်။ "ဟုတ်ကဲ့ခင်ဗျာ။ ဒီထွန်စက်တွေက ထွန်စက်ငယ်တွေဆိုတော့ ထိန်းသိမ်းရတာ လွယ်ကူတဲ့အပြင် ပြင်ဆင်မှုအပိုင်းအနေနဲ့လည်း ကုန်ကျစရိတ် သက်သာပါတယ်။ အထူးသဖြင့် ဆီစားနှုန်းသက်သာအောင် ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ထွန်စက်တစ်စီးရဲ့ စွမ်းဆောင်နိုင်ရည်ကတော့ ၁၂သွားနဲ့ ထွန်ယက်ရင် တစ်နေ့ ရှစ်နာရီနှုန်းနဲ့ ၁၀ဧက ပြီးနိုင်ပါတယ်။ သုံးသွားထယ်နဲ့ ထွန်ရင်တော့ တစ်နေ့ ရှစ်နာရီနှုန်းနဲ့ လေးဧကပြီးနိုင်ပါတယ်။ ဆီစားနှုန်းကတော့ တစ်ဧက တစ်ဂါလန်ဝန်းကျင်ပဲရှိပါတယ်"ဟု ဦးမြင့်သိန်းက ဆက်လက်ရှင်းပြသည်။

၃၅ရာခိုင်နှုန်းခန့်

ယခုအခါ ထိုကဲ့သို့ ထွန်စက်ငယ်များကို အခြားသော စက်မှုဇုန်များကလည်း လယ်ယာ(၁၆)ထွန်စက်၊ လယ်ယာ(၂၂)ထွန်စက်တို့ကို အရစ်ကျရောင်းချပေးနေ၍ တောင်သူဦးကြီးတို့ ယခင်က ကျွဲ၊ နွားများနှင့် လုပ်ကိုင်နေရာမှ ထွန်စက်များဖြင့် အစားထိုးကာ စတင်လုပ်ကိုင်လာကြပြီဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယခုအခါ လယ်ယာလုပ်ငန်းများတွင် စက်အသုံးပြုလုပ်ကိုင်မှုမှာ ၃၅ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။ ကျွဲ၊ နွားများနှင့် လုပ်ကိုင်နေရာမှ ထွန်စက်များအသုံးပြု လုပ်ကိုင်လာခြင်းကြောင့် အလုပ်တွင်ကျယ်ပြီး လယ်ယာထွက်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်မည် ဖြစ်သည်။

ခေတ်မီလယ်ယာစနစ်

ခေတ်မီလယ်ယာစနစ်သို့ လှမ်းချီရာတွင် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရေးသည်လည်း အဓိကအရေးကြီးသည့် အချက်တစ်ချက်ဖြစ်၏။ လက်တွေ့သာဓကအားဖြင့် ပြီးခဲ့သော ဝါစိုက်ရာသီက နေပြည်တော်တပ်ကုန်းနှင့် မိတ္ထီလာမြို့နယ်များတွင် ငွေချည်(၆)ဝါမျိုးကို ပြောင်းလဲစိုက်ပျိုးသဖြင့် တောင်သူများ ဝင်ငွေတိုးခဲ့သည်။ ယင်းငွေချည်(၆) ဝါမျိုးသည် တစ်ဧကလျှင် ပိဿာ ၄၀၀မှ ၅၀၀အထိ ထွက်ရှိကြောင်း သိရသည်။

သုတေသနပြု

ယခုအခါ နိုင်ငံတစ်ဝန်း အထွက်နှုန်းကောင်းမျိုး ပြောင်းလဲစိုက်ပျိုးရေး အစီအစဉ်များ စတင်အကောင်အထည်ဖော်နေပြီ ဖြစ်သည်။ လိုအပ်သည့် မျိုးကောင်းမျိုးသန့်သီးနှံများကို နေပြည်တော်ပျဉ်းမနားရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း) မှ သုတေသနပြု ထုတ်လုပ်ပေးလျက်ရှိသည်။ ယင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သုတေသနပြု ထုတ်လုပ်ပေးလျက်ရှိသည့် အထွက်နှုန်းကောင်း စပါးမျိုးများမှာ သုခရင်၊ ဆင်းသွယ်ရင်၊ ဆင်းနွယ်ရင်၊ ဆင်းသုခ၊ ရတနာတိုးနှင့် ရေဆင်းယာ(၉)တို့ဖြစ်သည်။ ယင်းစပါးမျိုးများသည် တစ်ဧကတင်း၁၀၀ကျော်အထက်ထွက်ရှိသည့် စပါးမျိုးကောင်းမျိုးသန့်များဖြစ်သည်။ စပါးတွင်ရေမြုပ်ခံစပါး၊ ရေနက်ကွင်းစိုက်စပါး၊ တောင်ယာစပါး၊ ရေနည်းနည်းနှင့်စိုက်နိုင်သည့် စပါး၊ ရေငန်တွင်စိုက်နိုင်သည့်စပါးဟူ၍ အမျိုးမျိုးရှိသည်။ တောင်သူများအနေဖြင့် မိမိဒေသရာသီဥတုနှင့် ကိုက်ညီသော စပါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်းရရှိစေမည် ဖြစ်သည်။

အထွက်နှုန်းကောင်း

မကြာမီက နေပြည်တော်ပျဉ်းမနားရှိ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (ရေဆင်း)သို့ ရောက်ရှိခဲ့ကြရာ စပါးအပြင် အခြားသော အထွက်နှုန်းကောင်း သီးနှံများကိုပါ လေ့လာခွင့်ရရှိခဲ့သည်။ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (ရေဆင်း)မှ ထုတ်လုပ်သည့် မျိုးကောင်းမျိုးသန့်များတွင် အစေ့ထုတ်ပြောင်းလည်းအပါအဝင်ဖြစ်သည်။ ယင်းဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသော သက်လျင်နှင့် သက်လတ်အထွက်ကောင်းမျိုးနှင့် စပ်မျိုးများ ထုတ်လုပ်လျက်ရှိသည်။ ၎င်းတို့မှာ ရေဆင်းစပ်မျိုး(၅)၊ ရေဆင်းစပ်မျိုး(၆)တို့ဖြစ်သည်။ ယင်းစပ်မျိုး အစေ့ထုတ်ပြောင်းများမှာ တစ်ဧက တင်း၈၀မှ ၁၀၀အထိ ထွက်ရှိကြောင်း သိရသည်။ အစေ့ထုတ်ပြောင်းဆိုသည်မှာ အရပ်အခေါ် ပြောင်းဖူးပင်ဖြစ်သည်။

ဆီထွက်သီးနှံ

အလားတူဆီထွက်သီးနှံများကိုလည်း သုတေသနပြု ထုတ်လုပ်လျက်ရှိသည်။ ဆီထွက်သီးနှံဖြစ်သည့် မြေပဲကို ဆင်းပဒေသာ(၈)၊ ဆင်းပဒေသာ(၁၁)တို့ဖြစ်သည်။ ယင်းမြေပဲမျိုးများမှာ တစ်ဧကတင်း၅၀အထက် ထွက်ရှိသောမျိုးများဖြစ်သည်။နှမ်းကိုလည်း ဆင်းရတနာ(၃)၊ ဆင်းရတနာ(၄)နှင့်ဆင်းရတနာ(၅)ဟူ၍ ထုတ်လုပ်ထားသည်။ ၎င်းနှမ်းမျိုးများမှာ တစ်ဧကာ၂တင်းမှ၁၅တင်း အထိထွက်ရှိကြောင်းသိရသည်။ နေကြာကိုလည်းသုတေသနပြုထုတ်လုပ်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)မှ ပဲမျိုးစုံကိုလည်း သုတေသနပြုစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ယင်းပဲမျိုးများမှာ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲပုပ်နှင့် ပဲလွမ်းတို့ဖြစ်သည်။ အလားအလာကောင်းသော ပဲတီစိမ်းမျိုးများမှာ ရေဆင်း၁၁နှင့် ရေဆင်း၁၂တို့ဖြစ်သည်။ ယင်းပဲတီစိမ်းမျိုးများသည် တစ်ဧကတင်း၂၀ကျော်ထွက်ရှိသည်။ ဆင်းမတ်ပဲ မျိုးထွန်း(၁) အမည်ရှိ မတ်ပဲမျိုးမှာ ရေဆင်းမှ ထုတ်လုပ်ခြင်းဖြစ်ပြီး တစ်ဧကတင်း ၃၀ ကျော်ထွက်ရှိကြောင်းသိရသည်။ ဆင်းပဲပုပ်(၆)မှာ အထွက်ကောင်းမျိုးဖြစ်ပြီး တစ်ဧက ၁၈တင်းမှ တင်း၂၀ထွက်ရှိသည်။ အလားအလာ ကောင်းသော ဆင်းကုလားပဲအဖြူလုံးကြီး (၈)အမျိုးမှာ တစ်ဧက ၂၅တင်းကျော် ထွက်ရှိသည်။

ရန်ကုန် ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ပညာရေးတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကိုဇန်နဝါရီ ၃၁ရက် (စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းနေဖက် သူငယ်ချင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲအတွက် လှူဒါန်းလိုပါက ဒေါက်တာလွင်စိုး ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ဖုန်း-၅၀၃၁၄၇၊ ဦးအုန်းမြင့် ဖုန်း-၀၉-၈၀-၂၄၁၉၄၊ ဒေါ်တင်တင်ရှ ဖုန်း-၅၅၇၃၀၉၊ ဦးအေးကြိုင် ဖုန်း-၅၅၇၆၄၃၊ ဦးအောင်သွင် ဖုန်း-၅၄၈၉၇၉၊ ဦးကျော်ကျော် ဖုန်း-၀၂-၆၆၄၀၁၊ ဦးကျော်ဝင်းမြင့် ဖုန်း-၂၂၉၆၉ (EX ၂၀၃)၊ ဒေါ်ကြူကြူရွှေ ဖုန်း-၅၅၄၉၆၄၊ ဦးရှိန်းလိန်းအောင် ဖုန်း-၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၃၁၇နှင့် ဒေါ်ခင်သန်းထွေး ဖုန်း-၂၉၃၃၆၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင်ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲ(သံအမတ်ကြီး)အဖြစ်ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် ဇန်နဝါရီ ၃၀

မစ္စတာဒေးဗစ်လစ်ပ်မန်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင် ကိုယ်စားလှယ်အဖွဲ့ အကြီးအကဲ(သံအမတ်ကြီး)အဖြစ်ခန့်အပ်ရန် အဆိုပြုလာခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဒေးဗစ် လစ်ပ်မန်သည် လန်ဒန်မြို့၌ ၁၉၄၉ခုနှစ် မေ၉ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် လန်ဒန်တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့ပြီး ဘော့စတွန်တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။ ၎င်းသည် ၁၉၇၀ပြည့်နှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနသို့ အရာထမ်းအဖြစ် ဝင်ရောက်ခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးဌာန၌ ၁၉၇၃ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၃ခုနှစ်မှ ၁၉၇၆ခုနှစ်အထိ ဥရောပကော်မရှင် ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးတွင် တူရကီ၊ ယူဂိုဆလားဗီးယားနှင့်ဂရိနိုင်ငံဆိုင်ရာ လက်ထောက်အရာရှိအဖြစ်လည်းကောင်း၊ ၁၉၇၆ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အထိ ဂရိနိုင်ငံ ဥရောပသမဂ္ဂသို့ ဝင်ရောက်ရေးအတွက် စေ့စပ်ညှိနှိုင်းသည့်အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၁၉၈၀ပြည့်နှစ်မှ ၁၉၈၁ခုနှစ်အထိ ဂရိနိုင်ငံဆိုင်ရာ အရာရှိအဖြစ်လည်းကောင်း၊ ၁၉၈၁ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ ဆိုက်ပရပ်နှင့် မော်လ်တာနိုင်ငံဆိုင်ရာ အရာရှိအဖြစ်လည်းကောင်း၊ ၁၉၈၅ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ အာရှ၊ လက်တင်အမေရိကနှင့် မြေထဲပင်လယ်ဒေသဆိုင်ရာ ဆက်ဆံရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၏ လက်ထောက်အဖြစ်လည်းကောင်း၊ ၁၉၉၅ခုနှစ်မှ ၂၀၀၂ခုနှစ်အထိ ဘဏ္ဍာရေးနှင့်လူ့အရင်းအမြစ်ဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်ရုံးခွဲ အဖွဲ့မှူးအဖြစ်လည်းကောင်း၊ ၂၀၀၂ခုနှစ်မှ ယနေ့အထိ ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ လူ့အရင်းအမြစ်ဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာဒေးဗစ်လစ်ပ်မန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ရုံးစိုက်လျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပကော်မရှင် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်မည် ဖြစ်သည်။ **(သတင်းစဉ်)**

စက်မှုကုန်ကြမ်း

စက်မှုကုန်ကြမ်း သီးနှံများဖြစ်သည့် ကြံ၊ ဝါ၊ ဂုန်လျှော်နှင့် ခြံစည်းရိုး ကြက်ဆူတို့ကိုလည်း သုတေသနပြုထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ တောင်သူများအနေဖြင့် အထက်ဖော်ပြပါသီးနှံများကို မျိုးပြောင်းလဲစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်း ပိုလာမည်ဖြစ်သည်။

ခေတ်မီစိုက်ပျိုးရေးစနစ် ပေါ်ပေါက်လာရေးအတွက် အဓိကလိုအပ်ချက်တစ်ခုမှာ စိုက်ပျိုးရေဖြစ်သည်။ ယခုအခါ စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် ဆည်တမံများ အစုအဖွဲ့အလိုက် တည်ဆောက်ပေးလျက်ရှိသည်။ ယခုအခါ ဆည်တမံပေါင်း ၂၁၈ခုအထိ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ အများစုမှာ မိုးနည်းရေရှားရပ်ဝန်းဒေသများဖြစ်သည့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ ဖြစ်သည်။ ယင်းဒေသများသည် နှစ်စဉ်မိုးရေချိန်လက်မ ၃၀ ကျော်ခန့်သာ ရွာသွန်းလေ့ရှိသည်။ ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ပေးနိုင်ခဲ့၍ ယခုအခါ စိုက်ပျိုးရေအတွက် အထိုက်အလျောက် အဆင်ပြေနေကြပြီဖြစ်သည်။ ခေတ်မီစိုက်ပျိုးရေးတွင် စိုက်စနစ်မှန်ကန်ရေး၊ မြေဆီ၊ မြေဩဇာအချိုးကျ သုံးစွဲရေးနှင့် ပိုးသတ်ဆေးသုံးစွဲမှုမှန်ကန်ရေးတို့သည်လည်း တစ်ဧကအထွက်နှုန်းကောင်းစေသည့် အချက်များတွင် ပါဝင်သည်။ တောင်သူများအနေဖြင့် ယင်းအချက်များကို အလေးထား လိုက်နာဆောင်ရွက်ပါက အထွက်နှုန်းကောင်းမွန်လာပြီး စိုက်ပျိုးရေးထွက်ကုန်များ တိုးပွားလာမည်ဖြစ်သည်။

ဆန်းသစ်လာပြီ

သို့ဖြစ်၍ တောင်သူများအနေဖြင့် ထွန်စက်များအသုံးပြုစိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုစိုက်ပျိုးခြင်း၊ စိုက်စနစ်မှန်ကန်စွာ အသုံးချခြင်းတို့ဖြင့် ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ် ဆန်းသစ်လာခဲ့ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မျိုးကောင်းမျိုးသန့် နေကြာမျိုးများ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)



တတိယပွဲစဉ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအပြီးတွင် တွေ့ရစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တောင်ကြီးအေးသာယာဂေါက်ကွင်း၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ International Beverages Trading Co.,Ltd. ကအဓိကကူညီပံ့ပိုးသော မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008- 2009)၏ တတိယပွဲစဉ်အဖြစ် IBTC Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ဆုများချီးမြှင့်

စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ အမျိုးသား အပျော်တမ်းအဆင့်ပြိုင်ပွဲ၌ နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများ၊ Professional Golfers အဆင့်ပြိုင်ပွဲ၌ နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများ၊ အမျိုးသား အပျော်တမ်းအဆင့်ပြိုင်ပွဲ၌ စုစုပေါင်း ရိုက်ချက် ၃၀၂ ဖြင့် ပထမရရှိသော နေဗလဝင်းမြင့်၊ စုစုပေါင်းရိုက်ချက် ၃၀၄ ချက်ဖြင့် ဒုတိယရရှိသောဘိုဘိုနှင့် စုစုပေါင်း ရိုက်ချက် ၃၁၀ ဖြင့် တတိယရရှိသော သန်းဇော်၊ Professional Golfers အဆင့်ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် ပထမရရှိသော မြင့်သောင်း (Srixon)၊စုစုပေါင်းရိုက်ချက် ၂၉၄ ချက်ဖြင့် ဒုတိယရရှိသော မင်းနိုင် (Srixon)နှင့် စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် တတိယရရှိသော စိုးကျော်နိုင် (Srixon) တို့အား တာဝန်ရှိသူတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက အမျိုးသားအပျော်တမ်းအဆင့်ပြိုင်ပွဲတွင် ပထမရရှိသော နေဗလဝင်းမြင့်အား ဂုဏ်ပြုဆုများကို လည်းကောင်း၊ Profesional Golfers အဆင့်ပြိုင်ပွဲတွင် ပထမရရှိသော မြင့်သောင်း (Srixon) အား ဆုကြေးငွေ (ချက်လက်မှတ်) ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

လက်ခံ

ထို့နောက် အေးသာယာဂေါက်ကွင်းသို့ International Beverages Trading Co., Ltd. က ချီးမြှင့်သော အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို IBTC မှ Executive Director ဦးတင့်ဦးက ပေးအပ်ရာ ဦးသိန်းမြင့်အောင်က လက်ခံသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် International Beverages Trading Co., Ltd. အဓိက ကူညီပံ့ပိုးပြီး Co- Sponsor များ ဖြစ်ကြသော KBZ Bank Ltd., Air Bagan Ltd., Hotel Yangon, Ruby Dragon (Jade & Gems) Co., Ltd., Srixon, MGW Construction Ltd., Myanmar Red Star International Co., Ltd., KM Golf Centre, ACCEL International Co., Ltd.,(Canon), Alpine Purified Drinking Water, MY Associates Co., Ltd. (Patronas), ကျားခေါင်းဘိလပ်မြေ၊ Life Line Co., Ltd. (DHEA Plus)နှင့် Eden Group Co., Ltd. တို့က ထပ်မံ၍ ပံ့ပိုးကူညီကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်စဉ် (၁၁၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၇)ကို ယနေ့ထုတ်ဝေဖြန့်ချိထားသည်။ (ယာပုံ)

ကြည်အောင်(ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ မင်းသွေးနွယ်(ဇီးကုန်း)၊ မနွယ်(ကလော)၊ မိုးပြို(မင်းပြား)၊ ရွှေခြံဆွေဦး၊ မြတ်ဘုန်း(တပ်ကုန်း)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မောင်စိမ်းနောင် (လယ်ဝေး)၊ လှကွန်းနိုင်(ရွှေမြင်တင်)၊ ရွှေမြိုင်ပြုံးလဲ့မော်၊ အေးမြင့်အေး (တပ်ကုန်း)၊ ငွေးကြည်(စလင်း)တို့၏ အဖွင့်ကဗျာများ၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ သာနိုင်အောင် (ကျိုက်မရော)၊ ရွှေဘိုသီရိမာလာ၊ သစ္စာမေတ္တာ ကိုကိုအောင်၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ ယုဝတီခင်ဦး၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ မိုးအောင်(ကချင်မြေ)၊ ပန်းတနော်နောင်လတ်၊ ချမ်းမြဆောင်း(ကလော)၊ဖြိုးခန့်ကျော်၊ တက္ကသိုလ်ဝင်းမြင့်၊ သွဲ့ထားညို(သက္ကလ)၊ ကိုအောင်(လှိုင်သာယာ)၊ စိမ်းသော်၊ ဝါဝါထင်လင်း၊ ရှေ့ဆောင်တင်ဆွေ၊ အောင်ရဲကျော်(မှူခင်း)၊ မြင်းမူ ဦးအောင်မြင့်သိန်း၊ အောင်စည်၊ စစ်ကိုင်းစိမ်းစိမ်း၊ မောင်အောင်မြင်(မိတ္ထီလာ)၊ ဒေါက်တာချိုချိုတင့်၊ စေတနာလှိုင် (ရေစကြို)၊ အောင်ချစ်စိုး(လသာ)၊ တက္ကသိုလ်စိုးယဉ်၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ လူလေး(မြစ်ဝကျွန်းပေါ်)၊ မင်းဦး(ဒဿန)၊ စောဟန်၊ ဖိုးစီ၊ ဖွဲ့နေတို့၏ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဗုဒ္ဓစာဉယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကျေးလက် ဟာသ၊ ဘာသာပြန်ရသနှင့် ကာတွန်း၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက်ကဗျာလက်ဆောင်၊စာလက်ဆောင်၊ မှတ်သားစရာသတ်ပုံကဗျာ၊ ကဗျာပန်းရုံရိပ်၊ ပုံပြင်စသည် တို့ဖြင့် သုတ၊ ရသ၊ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ၊ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (၂) ရန်ကင်းဆရာ အတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာပြည် တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည် ဖြစ်သည်။

ပါဝင်မည်

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား (၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား (၄၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား (၅၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက် (၆၀)နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည် ဖြစ်သည်။

ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀ သို့ ဖေဖော်ဝါရီ၆ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခန္တီးစည်ပင်ဈေးလမ်း ကတ္တရာခင်း

ခန္တီး ဇန်နဝါရီ ၂၉

ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် သာမန်ဖြည့်စွက်လုပ်ငန်းဖြစ်သော ဈေးလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်း ပေ၃၀၀×၁၈ ပေ×၃ပေ လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်ရာရှိ ဦးစိုးအောင်က ဒီဇင်ဘာ၈ရက်က စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းမိုးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကျင်းပ

သတင်းမှတ်စုနှင့် ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြိုင်ပွဲနှစ်ခုပေါင်း၌ ဗိုလ်စွဲသွားသော ကာကွယ်ရေးအသင်းအား ဆုဖလားချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၀၉ခုနှစ် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ (က)အဆင့် ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ ကာကွယ်ရေးအသင်းက တံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိသွားသည်။ ကာကွယ်ရေးအသင်းမှာ တံခွန်စိုက်ဆုဖလားအပြင် (က)အဆင့်ပြိုင်ပွဲနှင့် (ခ)အဆင့်ပြိုင်ပွဲတို့တွင်ပါ ဗိုလ်စွဲခဲ့သဖြင့် ဖလားသုံးလုံး ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

(က)အသင်း

ပြိုင်ပွဲအပြီးတွင် (က)အဆင့်ပြိုင်ပွဲ၌ ကာကွယ်ရေးအသင်းက ရွှေနှစ်ခု၊ ငွေတစ်ခု ၁၁မှတ်ဖြင့် ပထမ၊ မြို့တော်စည်ပင်အသင်းက ရွှေနှစ်ခု ၁၁မှတ်ဖြင့် ဒုတိယ၊ ပြည်ထဲရေးအသင်းက ရွှေတစ်ခု ၁၁မှတ်ဖြင့် တတိယတို့ ရရှိကြသည်။ (ခ) အဆင့်ပြိုင်ပွဲတွင် ကာကွယ်ရေးအသင်းက ၂၇မှတ်ဖြင့် ပထမ၊ ပြည်ထဲရေးအသင်းက ၁၁မှတ်ဖြင့် ဒုတိယ၊အား/ကာသိပ္ပံ(မန္တလေး)အသင်းက ခုနစ်မှတ်ဖြင့်တတိယ၊ ပြိုင်ပွဲနှစ်ခုပေါင်းတွင် ကာကွယ်ရေးအသင်းက ၃၈မှတ်ဖြင့် ပထမ၊ ပြည်ထဲရေးအသင်းက ၂၂မှတ်ဖြင့်ဒုတိယ၊ မြို့တော်စည်ပင်အသင်းက ၁၁မှတ်ဖြင့် တတိယတို့ ရရှိကြသည်။ အကောင်းဆုံး ကစားသမားဆုကို (ခ)အဆင့်ပြိုင်ပွဲ၌ ငြိမ်းသူစိုး (အား/ကာ သိပ္ပံ-မန္တလေး)၊ (က)အဆင့်ပြိုင်ပွဲ၌ ထက်ပိုင်(ပြည်ထဲရေး)တို့က ရရှိ သွားသည်။

ချီးမြှင့်

အကောင်းဆုံးဆုများကို မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ထင်ဇော်ဝင်း(ဥက္ကဋ္ဌ၊ တပ်မတော်လက်ဝှေ့ကော်မတီ)က ချီးမြှင့်ခဲ့ပြီး တံခွန်စိုက်ဆုဖလားများကို မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်(ဥက္ကဋ္ဌ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်)က ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

ကျောဖုံးမှ

ပြုလုပ်ထား

အနောက်တိုင်းမှာ တိုးတက်လာသည်နှင့်အမျှ ကျွဲ၊ နွား၊ တိရစ္ဆာန်များကို လူခိုင်းနိုင်သည်အထိ ယဉ်ပါးလာအောင် လေ့ကျင့်ပေးပြီးနောက် ၎င်းတို့၏အသားကို စားကြရာမှ နွား၏သားရေကို ကိုင်တွယ်အသုံးပြုတတ်ကြ၏။ လေသွင်းထားသော စည်ပေါင်းမှာလည်း ခတ်ဖန်များသော် ပေါက်ကွဲသွားတတ်သဖြင့် ၎င်းကို အပေါ်မှ သားရေများဖြင့်အုပ်၍ ချုပ်ပြီးကန်ကြပြန်၏။ လောကဓာတ်ပညာ ထွန်းကားလာ၍ ဝိုင်းစက်နေသော အရာဝတ္ထုသည် အဝေးလည်း ပြေးကန်ရသည့် ဘောလုံးအသွင် ဖြစ်လာတော့သည်။ အလားတူပင် ခြင်းလုံးကိုလည်း ခတ်ရာ၌ အတက်မှန်စေရန်၊ အကျမှန်စေရန်၊ ပို့သည့်နေရာကို မှန်ကန်စွာရောက်စေရန်၊ ခတ်သည့်အခါ ခြေနှင့် ကောင်းစွာထိတွေ့နိုင်ရန် ခြင်းကိုလုံးဝိုင်းနေအောင် ပြုလုပ်ထားဟန်တူပေသည်။

အပေါက်ထားခြင်းနှင့် ဟောင်းလောင်းထားခြင်း

ခြင်းကို အပေါက်မရှိဘဲ ကြိမ်ဖြင့်ထိုးထားပါက ခြင်းဝိုင်းအတွင်း၌ ခတ်နိုင်မည်မဟုတ်ပါ။ အကြောင်းသော်ကား အပေါက်မရှိဘဲ အလုံးထီးထီးထိုးထားသော ခြင်းလုံးကို ခတ်ရာတွင် အတက်၊ အကျ၊ အသွား အလွန်မြန်ဆန်ပေသည်။ ထို့ပြင် ခြင်းဝိုင်းရှိ ခတ်သားများ နီးကပ်စွာ ခတ်ကစားနေကြသဖြင့် ခြင်း၏သွားလာမှုနှုန်းထားအလွန်မြန်လျှင်မည်သို့မျှ ခတ်နိုင်မည်မဟုတ်ပါ။ အတက်၊ အကျ၊ အရှိန်နှေးသွားစေရန် အပေါက်များဖောက်ထားဟန်တူပါသည်။ ခြင်းကို အပေါက်မဖောက်သည့်အပြင် အခေါင်းမဟုတ်ဘဲ အပိတ်ထိုးထားပါက လေးလံလွန်းပါသည်။ သာမန်ရိုးရိုးခြေထောက်ဖြင့် ခတ်နိုင်မည်လည်း မဟုတ်ပါချေ။

ကန် နှင့် ခတ် ဆိုသောစကား

'ကန်' ဆိုသောစကားမှာ ပစ္စည်းတစ်ခုကို ခွန်အားစိုက်ထုတ်၍ အဝေးသို့ ရောက်အောင် ခြေဖြင့် ကန်ကြောက်ခြင်း ဖြစ်ပါသည်။ **'ခတ်'**ဆိုသော စကားမှာ ပစ္စည်းတစ်ခုကို အဝေးသို့မရောက်စေရန် ခွန်အားအနည်းငယ်နှင့် ခတ်ကြောက်သော သဘောရှိသည်။ တစ်နည်းအားဖြင့် ကန်ဆိုသောစကားတွင် ခွန်အားစိုက်ထုတ်မှုပါပြီး ခတ်ဆိုသောစကားတွင် ခွန်အားစိုက်ထုတ်မှု အနည်းငယ်သာပါသည်။ ထို့ကြောင့် ခြင်းလုံးကို ကန်၍မဖြစ်ပါ။ အကြောင်းမူကား အဝေးသို့မရောက်စေရန်တစ်ကြောင်း၊ ခြင်းခတ်ကစားမှု၏ အခြေခံအဓိကအချက်ဖြစ်သည့် မြေသို့မကျစေရန်တစ်ကြောင်း၊ ကစားဖော်ချင်း ခြင်းလုံးကို ဝိုင်းဝန်းထိန်းသိမ်းခတ်ရမည့် အကြောင်းကြောင့်ဖြစ်သည်။ သို့ပါ၍ ခြင်းလုံး ရက်လုပ်မှုတွင် အနည်းငယ်သော အင်အားသုံး၍ ခတ်ကစားနိုင်ရန် အပေါက်များဖြင့် ပေါ့ပါးစွာ ရက်လုပ်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် အနုပညာနှင့်ယှဉ်တွဲကာ ခတ်ကစားနည်းဖြစ်၍ အတက်၊ အကျနှေးမှသာလျှင် ဖြစ်နိုင်ပါမည်။ ထို့ကြောင့် ခြင်းခတ်သည်ဟု ပြောကြပြီး ခြင်းကန်သည်ဟု မဆိုပါချေ။

ယခင်က ခြင်းလုံးကို ခြေလုံးဟု ခေါ်သည်။ ခရစ်သက္ကရာဇ် ၁၈၇၄ခုနှစ်၌ ပုံနှိပ်ထုတ်ဝေခဲ့သော မစ္စတာစီ၊ အေ၊ ဂေါ် ဒန် ရေးသွားသည့် 'မြန်မာပြည်သို့ ကျွန်ုပ်တို့ ခရီးထွက်ခြင်း' စာအုပ်၌ ခြေလုံးကစားသည်ဟု ရေးသားထားကြောင်း တွေ့ရသည်။ နောက်သာခေတစ်ခုမှာ မင်းတုန်းမင်းကြီးလက်ထက်တွင် ကောက်စိုက်သမများ သီဆိုသော ရှေးသီချင်းတစ်ပုဒ်၌ **'သူ့သား သူ့အမေ နှိပ်တယ်၊ ဆိုးချိန်မို့လေး၊ ညနေခတ်ခြေလုံးနှင့် ပျော်တုန်းမို့လေး'**ဟု ရေးသားစပ်ဆိုထားခြင်းလည်း တွေ့ရပါသည်။ ယင်းတို့ကိုထောက်ရှု၍ ခြင်းလုံးဆိုသောအခေါ်အဝေါ်မှာ တတိယအကြိမ် အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးမှ ပေါ်ပေါက်ခေါ်ဆိုဟန်ရှိသည်။

ခြင်းလုံးပြုလုပ်ပုံ

ခြင်းလုံးကိုပြုလုပ်ရာ၌ ကြိမ်ကိုစားဖြင့်စိတ်ဖြာပြီး နန်းဆွဲပြုလုပ်ရပါသည်။ အလျား ၁၀ပေ၊ ကြိမ်နန်းကို တစ်ပတ်ချင်းရစ်ခွေကာ ကွင်းများစပ်အောင်ထိုးရသည်။ ကြိမ်နန်းရှစ်ပင်ရှိလျှင် ရှစ်ပတ်ခြင်း၊ ၁၀ပင်ရှိလျှင် ၁၀ပတ်ခြင်းဟုခေါ်တွင်သည်။ ရှစ်ပတ်ခြင်း၏ လုံးဝန်းမှာ ၁၄လက်မရှိ၍ ညိုတစ်ဖက်၊ ထွာတစ်ဖက်ခြင်း၊ တစ်နည်းထွာညိုဆိုင်ခြင်းဟူ၍လည်းခေါ်သည်။ ထွာညိုဆိုင်ဆိုသည်မှာ လက်မထိပ်ချင်း၊ လက်ခလယ်ထိပ်ချင်းထိသောအဝန်းဖြစ်သည်။ လက်မထိပ်ချင်း၊ လက်ညှိုးထိပ်ချင်းထိသောအဝန်းရှိ ခြင်းလုံးကို ညိုဆိုင်ခြင်းဟုခေါ်သည်။ အများအားဖြင့် ကြိမ်နန်းကြိုး၏ဖြက်မှာ(၁/၈)လက်မရှိ၍ အထုမှာ(၁/၁၀)လက်မမှ (၁/၁၂)လက်မခန့်ရှိသည်။ ခြင်းလုံး၏ အလေးချိန်မှာ ကြိမ်အချိုးအစားကိုလိုက်၍ ငါးကျပ်သားမှ ရှစ်ကျပ်သားအထိရှိသည်။ ပုံမှန်ထွာဆိုင် ခြင်းလုံးမှာ ခြောက်ကျပ်သားခန့်ရှိပြီး ပြိုင်ပွဲများတွင် ခတ်ကစားအသုံးပြုလေ့ရှိပေသည်။ ။

(မြန်မာ့အလင်း)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မော်လမြိုင်ကျွန်းမြို့နယ်၌ ရေကောင်းရေသန့် သုံးစွဲနိုင်ရေး ငွေကျပ် ၁၀၈ သိန်းဖြင့်ဆောက်လုပ်သော ရေစင်နှင့် စက်ရေတွင်းဖွင့်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၅

မော်လမြိုင်ကျွန်းမြို့ နယ်မြေခံ တပ်ရင်းတွင် ရေကောင်းရေသန့်သုံးစွဲနိုင်ရေးအတွက် အလှူရှင်မော်လမြိုင်ကျွန်းမြို့ ၁၄လမ်းနေ သီရိသုဓမ္မမဏိဇောတရေ ဦးမောင်လှနှင့် သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေစိန် မိသားစုက ငွေကျပ် ၁၀၈သိန်းဖြင့် ဆောက်လုပ်လှူဒါန်းသော ရေစင်နှင့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက် ၈နာရီက မော်လမြိုင်ကျွန်းမြို့နယ်မြေခံတပ်ရင်း၌ ကျင်းပသည်။

ဂုဏ်ပြု

ဖွင့်ပွဲတွင် အလှူရှင်များကိုယ်စား မြို့မိမြို့ဖ ဦးတင်လှိုင်က ရေစင်နှင့် စက်ရေတွင်း လှူဒါန်းရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး နယ်မြေခံ တပ်နယ်နှင့် ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းက ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရေစင်နှင့် စက်ရေတွင်းကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်း၊ သီရိသုဓမ္မမဏိဇောတရေဦးမောင်လှနှင့် သီရိသုဓမ္မသိင်္ဂီဒေါ်ရွှေစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ) (၁၄၂)**

အမြို့မြို့ အနယ်နယ် သတင်းများ

စစ်ကိုင်းတိုင်းစည်ပင်သာယာရေး အဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ချောင်းဦးမြို့နယ် ရန်အောင်မြေရပ်ကွက်၌ ရေတွင်း၊ ရေကန်နှင့် ရေစက်ရုံ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုတွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ကျိုက်ထို ဇန်နဝါရီ ၂၀

ကျိုက်ထိုမြို့နယ်တွင် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၉ဖွင့်ပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီက အသင်းရုံးခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တောက်ထွန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တိုက်ကျွေး

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတောက်ထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးခင်အောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဖုန်းနိုင်နှင့် တာဝန်ရှိသူများက ငါးနှစ်အောက်ကလေးများအား ပိုလီယိုရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

သရက်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

သရက်အသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ် လိပ်ကန်/မှတ်တိုင်အနီးရှိ သစ်လုပ်ငန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ တက်ရောက်နိုင်ကြသည်။

အသက်(၇၅)နှစ်အထက် အသင်းဝင်များနှင့် မိဘများ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများ၊ အသင်းဝင်များ၏သားသမီးများစာရင်းကို ဖေဖော်ဝါရီ ၁၀ရက် နောက်ဆုံးထား၍ အမှုဆောင်များသို့ ပို့ကြရန်ဖြစ်ပြီး အလှူငွေနှင့် ပစ္စည်းလှူဒါန်းလိုပါက ဂုဏ်ထူးဆောင် နာယကကြီး ဒေါ်သက်သက်ဆွေ ဖုန်း-၅၇၇၁၂၆၊ ဒုဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဘော် ဖုန်း-၇၂၀၈၈၀၊ ဗိုလ်မှူးစန်းအောင်(ငြိမ်း)ဖုန်း-၀၆၈-၂၁၃၇၁၊ ဦးလှထူးကျော် ဖုန်း-၀၉-၈၀-၃၁၈၂၅၊ အတွင်းရေးမှူး ဦးမိုးခိုင် ဖုန်း-၅၇၀၀၈၁၊ ဦးလှမြင့် ဖုန်း-၅၁၆၅၀၂ နှင့် အမှုဆောင်များဖြစ်သော ဦးစိုးလှမြင့် ဖုန်း-၀၆၈-၂၁၀၅၈၊ ဦးကြည်မင်း ဖုန်း-၀၆၈-၂၁၁၁၉၊ ဒေါ်မြမိုးနှင်း ဖုန်း-၆၄၃၆၀၇၊ ဒေါ်တင်တင်မြင့် ဖုန်း-၂၄၁၀၈ နှင့် ဦးခင်မောင်လွင် ဖုန်း-၀၉-၅၁-၀၁၀၆၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြစ်သား၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် ရေဒီယိုနှင့် အလှူငွေများပေးအပ်

မြစ်သား ဇန်နဝါရီ ၂၂

မြစ်သားမြို့နယ် လက်ခုပ်ကုန်းကျေးရွာ ဖူးပွင့်ဝေ စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းတင်က အဖွင့်အမှာစကားပြောကြားပြီး လှူဒါန်းပွဲကျင်းပရာ ကျေးရွာဥက္ကဋ္ဌက ငွေကျပ် ၅၀၀၀နှင့် ရေဒီယိုတစ်လုံး၊ ဆရာတော်ဦးမဟာမိတ္တက ငွေကျပ် ၈၀၀၀၀တန် ဗီရိုတစ်လုံးနှင့်ကျေးရွာစုပေါင်းလှူဒါန်းငွေ ၄၅၀၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးဒေါ်ကျော့မြင့်က လက်ခံယူပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော စာအုပ်စာတမ်းများကို ပြန်လည်ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးသိန်းတန်က လက်ခံယူသည်။

ထို့နောက် ဖူးပွင့်ဝေစာကြည့်တိုက် အဆောက်အအုံကို မြို့နယ်ဦးစီးမှူးဥက္ကဋ္ဌနှင့် ကျေးရွာဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဌေးနှင့် ဒေါ်ခင်မာတို့က ဖဲကြိုးဖြစ်ဖွင့်လှစ်ပေးကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ပုလဲမြို့နယ် ခေါ်သန္တီး ကျေးရွာအုပ်စု ညောင်ပင်သာရွာတွင် တွင်းတိမ်တူးဖော် ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးလှမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအေးလှိုင်တို့ ကွင်းဆင်းစစ်ဆေးရာ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ရေပေးရေးကော်မတီဝင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော အမှတ်(၂)လမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်အေးသူဇာလှ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီး ပျဉ်းမကုန်းကျေးရွာ အလက ပညာရည်ချွန်ချီးမြှင့်

တိုက်ကြီး ဇန်နဝါရီ ၂၄

တိုက်ကြီးမြို့နယ် ပျဉ်းမကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၉နာရီက အဆိုပါကျောင်း စပယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် စတင်ဖွင့်လှစ်ပေးပြီး ကျောင်းအကျိုးတော်ဆောင်၊ မိဘဆရာအသင်း အလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် သူငယ်တန်းမှ အဋ္ဌမတန်းအထိ အတန်းလိုက် ပ၊ဒု၊တပညာရည်ချွန်ဆုရရှိကြသော ကျောင်းသားကျောင်းသူ ၃၁ဦး၊ တာဝန်ခံဆုရရှိသော ဆရာဦးကျော်ဝင်းစိန်နှင့် ဆရာမဒေါ်ရွှေကြည်တို့အား ကျေးရွာလူမှုရေးအသင်း အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြပြီး ထူးချွန်ထက်မြက်စွာအောင်မြင်သော ပဉ္စမတန်းကျောင်းသူ မအိမြတ်နိုးအား ကျောင်းအုပ်ဆရာကြီးဦးဝင်းလှိုင်က ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်သည်။ **(အောက်ပုံ)** **(၁၁၁)**

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော မြသီတာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို့နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သူဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သဖန်းဆိပ်-အင်တိုင်းလမ်း ကျောက်ချောလမ်းဖွင့်

ကျွန်းလှ ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ခုနှစ် ခွင့်ပြုရန်ပုံငွေနှင့် ကျေးရွာပြည်သူများ ပူးပေါင်း၍ တိုးချဲ့ဆောင်ရွက်ပြီးစီးခဲ့သော သဖန်းဆိပ်-အင်တိုင်း ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က အင်တိုင်းကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းငွေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ၄က်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ်	၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ်	၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြောင်းမြ၌ ကျေးလက်ရေပေးရေး ရေတွင်းဖွင့်ပွဲကျင်းပ

မြောင်းမြ ဇန်နဝါရီ ၂၉

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော လက်နှိပ်တုံကင် ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က လက်ပံကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးထွန်းထွန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

(မြို့နယ်စည်ပင်)

ဘင်နီတက်ဇ်နဲ့ စကိုလာရီတို့ စီးချင်းထိုးကြမည့်ပွဲ အန်ဖီးလ်ကွင်းမှာ ကြိုးကြာနီတို့ တောင်ပံခတ်နိုင်ပါ့မလား

◆ မောင်မောင်မြင့်ဆွေ သုံးသပ်ရေးသား၍ ဘိုဘိုမင်း စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၂၉

ပရီမီယာလိဂ်ပွဲစဉ်(၂၃)မှာ အာဆင်နယ်နဲ့ လီဗာပူးတို့ပြိုင်ဘက်တွေကို သရေပွဲတွေချည်း ကစားခဲ့တာမို့ ဒီနှစ်ပရီမီယာလိဂ်ဖလားရယူရေးအိပ်မက်တွေ ဝေဝါးခဲ့ရတဲ့အပြင် ဖေဖော်ဝါရီ ၁ရက် ည ၁၀နာရီခွဲမှာကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၄)မှာ လီဗာပူးနဲ့ ချယ်လ်ဆီးတို့လည်း ထိပ်တိုက်ဆုံတွေ့ကြပြန်တာမို့ စကိုလာရီရော ဘင်နီတက်ဇ်ပါ ရင်ဆိုင်စရာအခြေအနေ ကြုံတွေ့နေရပြီဖြစ်ပါတယ်။

အနိုင်ကြိုးစားမည့် ဘင်နီတက်ဇ်

နှစ်သင်းစလုံး ပရီမီယာလိဂ်ဖလား မျှော်လင့်ချက်တွေနဲ့ ဆူဝေနေခဲ့ရာက အသင်းရလဒ်တွေ ကမောက်ကမဖြစ်ခဲ့ရတာမို့ အခုထိပ်တိုက်ပွဲစဉ်မှာတော့ အပြတ်အသတ်ကစားရမယ့် အခြေအနေရောက်ရှိနေပြီဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ မန်ယူက တစ်ပွဲလျော့နှစ်မှတ်အသာနဲ့ ထိပ်ဆုံးက ဦးဆောင်နေတာကလည်း နှစ်သင်းစလုံးအတွက် အသက်ရှူကျပ်စရာဖြစ်နေပါတယ်။

ဖောင်ဖျက်

ဒီပွဲစဉ်မှာ လီဗာပူးရှုံးရင် မန်ယူနဲ့ တစ်ပွဲလျော့ ငါးမှတ်ကွာသွားပြီး တတိယနေရာကိုဆင်းပေးရမှာဖြစ်သလို ချယ်လ်ဆီးရှုံးရင်လည်း မန်ယူနဲ့တစ်ပွဲလျော့ ငါးမှတ်ကွာသွားမှာ ဖြစ်သလို တန်းစီဇယားတတိယနေရာကို ဗီလာကရယူသွားနိုင်မယ့် အနေအထား ရှိနေပါတယ်။ ဒါကြောင့် ချယ်လ်ဆီးရော လီဗာပူးပါ ဖောင်ဖျက်တိုက်စစ်ဖွင့်ပြီး ရင်ပွင့်မတတ်ကစားရမယ့်ပွဲစဉ်ပါပဲ။

ခန့်မှန်းရခက်

ချယ်လ်ဆီးနဲ့ လီဗာပူးတို့ရဲ့ အနေအထားကိုကြည့်ရင် ပြီးခဲ့တဲ့ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီကစလို့ လီဗာပူးရဲ့ အန်ဖီးလ်ကွင်းမှာ ငါးကြိမ် ဆုံတွေ့ခဲ့ရတဲ့နေရာမှာ ချယ်လ်ဆီးက သုံးပွဲ နိုင်ခဲ့ပြီး လီဗာပူးက တစ်ပွဲနိုင်ကာ သရေတစ်ပွဲကျခဲ့တဲ့ မှတ်တမ်းတွေရှိပါတယ်။ ဒီရလဒ်တွေအရ ချယ်လ်ဆီး အရေးသာခဲ့တာ မှန်ပေမယ့် လက်ရှိခြေစွမ်းက ခန့်မှန်းရခက်တဲ့ အနေအထားရှိပါတယ်။

ခြေစွမ်းပျောက်

ချယ်လ်ဆီးရဲ့ လက်ရှိခြေစွမ်းကို ကြည့်ရင် နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲမှာ နှစ်ပွဲသာ အနိုင်ရထားပြီး သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်သာ ရရှိထားပါတယ်။ ချယ်လ်ဆီးဟာ နည်းပြမော်ရင်ဟို လက်ထက်ကလို တောက်ပမှု မရှိခဲ့တာဟာ နည်းပြစကိုလာရီကြောင့်လို့ သုံးသပ်ကြတာဟာ မှန်သင့်သလောက် မှန်နေပါတယ်။ စကိုလာရီလက်ထက်မှာ ဘောလုံးသမားတွေ စုစည်းမှုပြိုကွဲပြီး တိုက်စစ်အားလည်း မထက်မြက်တော့လို့ ရလဒ်တွေမကောင်းတာ အဓိကအချက်ပါပဲ။ ကစားသမားကောင်း နှစ်သင်းစာရှိနေတဲ့ ချယ်လ်ဆီးဟာ အဓိကကစားသမားတွေဖြစ်တဲ့ တယ်ရီ၊ ဒရော့ဘာ၊ လမ်းပတ်၊ ကာဗယ်လ်ဟို၊ အနယ်လ်ကာတို့ စည်းလုံးမှုအားမကောင်းလို့ ခြေစွမ်းတွေ ပျောက်နေကြပါတယ်။

အားနည်းချက်

အလယ်တန်းမှာ လမ်းပတ်နဲ့ တွဲကစားရတဲ့သူတွေကလည်း တစ်ပွဲတစ်ဦးလိုဖြစ်နေတာမို့ နားလည်မှုအပိုင်း အားနည်းနေပါတယ်။ ခံစစ်မှာလည်း တယ်ရီနဲ့ ကာဗယ်ဟိုတို့ တစ်လှည့်စီ ပွဲပယ်ဒဏ်ရာရနေတာမို့ ပွဲတိုင်းတွဲမကစားရတာကလည်း အားနည်းချက်တစ်ရပ်ဖြစ်နေပြီး နောက်ဆုံးလေးပွဲမှာ ချယ်လ်ဆီးတို့ ခုနစ်ဂိုးတောင်ပေးခဲ့ရတာကလည်း စိုးရိမ်စရာပါပဲ။ တိုက်စစ်မှာလည်း အဓိကတိုက်စစ်မှူး ဘယ်သူဆိုတာ နည်းပြစကိုလာရီ ရပ်လုံးမဖော်နိုင်တာမို့ ဂိုးသွင်းမှုအပိုင်းကျဆင်းခဲ့ပါတယ်။ ဒါကို ချယ်လ်ဆီး နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တိုက်စစ်မှူးတွေက တစ်ဂိုးပဲသွင်းယူနိုင်ခဲ့တာကဖော်ပြနေပါတယ်။ ဒါကြောင့် စကိုလာရီ ဘယ်လိုဗျူဟာတွေနဲ့ အန်ဖီးလ်ကို ချီတက်မလဲဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။

သရေလက်မခံနိုင်သည့် စကိုလာရီ

ယိမ်းယိမ်းယိုင်ယိုင်

ဒီပွဲကို အိမ်ရှင်အဖြစ် ကစားရမယ့် ကြိုးကြာနီတို့ရဲ့ခြေကလည်း ချယ်လ်ဆီးတို့နဲ့ အပြိုင် ယိမ်းယိမ်းယိုင်ယိုင်ပါပဲ၊ လီဗာပူးရဲ့ နောက်ဆုံးကစားခဲ့တဲ့ ခုနစ်ပွဲရလဒ်ကို ကြည့်ရင် နှစ်ပွဲနိုင်ပြီး ငါးပွဲ သရေကျထားပါတယ်။ ဒါပေမယ့် ရှုံးပွဲမရှိတာတော့ သတိပြုရမယ့် အချက်ပါပဲ။

ဒဏ်ရာသက်သာ

လီဗာပူးမှာ အဓိက တိုက်စစ်မှူးတောရက်စ် ဒဏ်ရာသက်သာပြီး ပြန်ကစားနိုင်ပေမယ့် ကြံ့ခိုင်မှုတော့မရှိသေးပါဘူး။ ရော်ဘီကိန်းကလည်း ခြေမပေါ်ဖြစ်နေတာမို့ နောက်ဆုံးကစားခဲ့တဲ့ ခုနစ်ပွဲမှာ တိုက်စစ်မှူးတွေသွင်းတဲ့ဂိုးတစ်ဂိုးမျှမပါခဲ့တာကလည်း ချယ်လ်ဆီးနဲ့ပွဲအတွက် ရင်ပူစရာအချက် ဖြစ်နေပါတယ်။

ပုံဖော်နိုင်

လီဗာပူး ကွင်းလယ်ကိုကြည့်ရင် ဂျရတ်နဲ့ မာရှေယာနိုတို့က ပုံမှန်ခြေစွမ်းရနေတာမို့ ချယ်လ်ဆီးတို့ရဲ့ကွင်းလယ်ကို ယှဉ်နိုင်တဲ့ အနေအထားရှိနေပါတယ်။ အလွန်ဆို ဒဏ်ရာသက်သာလာပြီး ပြန်ကစားနိုင်မှာမို့ လီဗာပူးကွင်းလယ်ဟာ တောင့်တင်းနေပါတယ်။ ဘီနာယောင်နဲ့ ဘာဘယ်တို့ကလည်း ကြံ့ခိုင်မှုပြည့်နေတာမို့ ကွင်းလယ်ကို ဘင်နီတက်ဇ် ကြိုက်သလို ပုံဖော်နိုင်မယ့် အခြေအနေရှိပါတယ်။

စောင့်ကြည့်

လီဗာပူးနဲ့ ချယ်လ်ဆီးတို့ အန်ဖီးလ်မှာ အစဉ်အလာအရတော့ သိပ်ကွာခြားမှုမရှိပေမယ့် ဒီပွဲမှာ နှစ်သင်းစလုံး အရှုံးဆိုတဲ့ရလဒ်ကို ဘယ်အသင်းကမှ လက်ခံကြမှာ မဟုတ်တဲ့အတွက် တက်ကုန်ရွက်ကုန် လွှင့်ကြမှာ သေချာပါတယ်။ ဒါကြောင့် ကြိုးကြာနီတို့ရဲ့ အန်ဖီးလ်ကွင်းမှာ ဘင်နီတက်ဇ်နဲ့ စကိုလာရီတို့ ဘယ်လိုဗျူဟာတွေ ခင်းကျင်းပြီး စီးချင်းထိုးကြမယ်ဆိုတာ စောင့်ကြည့်ရတော့မှာ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

မန်ယူနှင့်အဲဗာတန်ပွဲ နှစ်ရက်စောယှဉ်ပြိုင်မည်

လန်ဒန် ဇန်နဝါရီ ၂၉

ပရီမီယာလိဂ်ပွဲစဉ် (၂၄)အဖြစ် မန်ယူနှင့် အဲဗာတန်တို့ပွဲကို နှစ်ရက်စောကာ ဇန်နဝါရီ ၃၁ရက် ည ၁၂ နာရီ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပရီမီယာလိဂ်ပွဲစဉ် (၂၃)ကို ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ရက်များက ယှဉ်ပြိုင်ခဲ့ကြရာ အဲဗာတန်နှင့် အဝေးကွင်း၌ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သော အာဆင်နယ်ကစားသမားများအား နည်းပြအာစင်ဝင်းဂါးက အပြစ်မဆိုခဲ့ကြောင်း၊သရေရလဒ်သည် ထိုက်သင့်သောရလဒ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော် ဝီဂန်ကို လီဗာပူးတို့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့်အတွက် နည်းပြ ဘင်နီတက်ဇ်က အဖိုးတန်အမှတ်များ ဆုံးရှုံးခဲ့ရကြောင်း၊ မဖြစ်သင့်သောရလဒ် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ် (၂၃)ရလဒ်များ

ဝက်စ်ဘရွန်း	၀	-	၅	**မန်ယူ**
ဝီဂန်	၁	-	၁	**လီဗာပူး**
အဲဗာတန်	၁	-	၁	**အာဆင်နယ်**
ချယ်လ်ဆီး	၂	-	၀	**မစ်ဒယ်ဘရော့**
ဘလက်ဘန်း	၂	-	၂	**ဘော်လ်တန်**
ဝက်စ်ဟမ်း	၂	-	၀	**ဟူးလ်စီးတီး**
ပို့စ်မောက်	၀	-	၁	**ဗီလာ**
ဆန်းဒါးလန်း	၁	-	၀	**ဖူလ်ဟမ်**
စပါး	၃	-	၁	**စတုတ်**
မန်စီးတီး	၂	-	၁	**နယူးကာဆယ်**

(အင်တာနက်)

မန်ယူဂိုးသမားကြီး ဗန်ဒါးဆားစံချိန်တင်ပြီ

လန်ဒန် ဇန်နဝါရီ ၂၉

မန်ယူဂိုးသမား ဗန်ဒါးဆားသည် ဇန်နဝါရီ ၂၈ရက်က ကစားခဲ့သော ဝက်စ်ဘရွန်းနှင့်ပွဲတွင် ဂိုးမပေးခဲ့ရသဖြင့် ချယ်လ်ဆီးဂိုးသမား ပီတာချက် တင်ထားခဲ့သော ဂိုးမပေးရမှုစံချိန်ကို ချိုးဖျက်နိုင်ခဲ့သည်။

ဗန်ဒါးဆားသည် ပီတာချက် တင်ထားခဲ့သော ၁၀၂၅ မိနစ်ဆက်တိုက် ဂိုးမပေးရရေးစံချိန်ကို ကျော်ဖြတ်ကာ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဗန်ဒါးဆားသည် ယခုကဲ့သို့ စံချိန်တင်နိုင်ရန် သုံးလခန့် ကြိုးစားထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

(အင်တာနက်)

ပရီမီယာလိဂ်ပွဲစဉ်(၂၃)အပြီး ထိပ်ပိုင်း ၁၀ သင်း၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၂၂	၁၅	၅	၂	၅၀
၂	ချယ်လ်ဆီး	၂၃	၁၄	၆	၃	၄၈
၃	လီဗာပူး	၂၃	၁၃	၉	၁	၄၈
၄	ဗီလာ	၂၃	၁၄	၅	၄	၄၇
၅	အာဆင်နယ်	၂၃	၁၂	၆	၅	၄၂
၆	အဲဗာတန်	၂၃	၁၀	၇	၆	၃၇
၇	ဝီဂန်	၂၃	၉	၅	၉	၃၂
၈	ဝက်စ်ဟမ်း	၂၃	၉	၅	၉	၃၂
၉	မန်စီးတီး	၂၂	၈	၄	၁၀	၂၈
၁၀	ဟူးလ်စီးတီး	၂၃	၇	၆	၁၀	၂၇

ချစ်စိုးနိုင် စုစည်းတင်ပြသည်

သား ဖြိုးဝေထွန်း

အမေနှင့်

အမြန်ဆုံးဆက်သွယ်ပါ -

ဒေါ်သီတာထွန်း

ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်

၁၉-၁-၂၀၀၉ရက် နေ့လယ်ပိုင်းတွင် Junction 8 Shopping Center ၌ ဖုန်းထည့်သောအိတ်ဖြင့် ထည့်ထားသော GSM ဖုန်းတစ်လုံး (LG အနက်ရောင် Handset) ကျပျောက်ခဲ့ပါသည်။ တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၆၉၁၀၀၅၊ ၀၉-၅၀-၁၇၂၆၉။**

ယူအေအီး-အလိုရှိသည်

ယူအေအီးနိုင်ငံ သင်္ဘောကျင်းတွင် လုပ်ကိုင်ရန်အတွက် အောက်ပါ အလုပ်သမားများ အလိုရှိသည်-

Pipe Fabricators လစာ Dhs 1340+OT

Pipe Fitters လစာ Dhs 1092+OT,

အင်တာဗျူးခန့်မှန်း ၂၂-၂-၂၀၀၉ရက်၊

အင်တာဗျူးတွင် ဖြေနိုင်အောင် သင်တန်းပေးနေပြီ၊ စာချုပ်သက်တမ်း(၂)နှစ်၊ နေထိုင်/စားသောက်၊ သယ်ပို့/ဝတ်စုံ/ဒိုဘီ အားလုံး စရိတ်ငြိမ်း၊ လစာထဲမှ ဖြတ်တောက်မှု လုံးဝမရှိပါ။ အမြန်စာရင်းပေးသွင်းပါရန်။

စုံစမ်းရန် - ဦးစိန်ဖေ၊ အာဘာဖီးကုမ္ပဏီ

၁၆၂၊ လမ်း (၅၀)၊ အထက်ဘလောက်၊ ပုဇွန်တောင်မြို့နယ်။

ဖုန်း-၀၉-၈၀- ၂၃၄၆၃၊ ၀၉-၈၆-၄၅၇၁၆၊ ၂၀၁၃၂၅၊ ၂၀၁၃၅၄။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၉) ဖြင့် ဦးနန္ဒ [MD, နန္ဒအောင် မိုးကုတ် ဂျမ်း(စ်)လီမိတက်] အား **သုဓမ္မမဏိဇောတဓရ**ဘွဲ့ ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

မဂျာနူကီး၊ မဆန်သီး၊ မဆီသား၊ မဆိုင်လီး၊ မဗီစနား၊ မဒူရဂါး၊

ပန်းခြံထာပွဲ၊ မိုးကုတ်မြို့။

ရွှေစေတီဘုရားဖူးပို့ဆောင်ရေး

(ကျိုက္ကစံဘုရားလမ်းထိပ်)

အလောင်းတော်ကဿပ ပူဇော်ပွဲနှင့် မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ဘုရားစုံ (၅)ရက်ခရီး၊ ထမင်းမကျွေး ကျပ်၅၀၀၀၀ ၊ ၆-၂-၂၀၀၉ရက် ထွက်မည်။ **ဖုန်း-၅၇၉၂၈၁။**

တစ်ဦးတည်း ဖြစ်ကြောင်း ကျွန်မ မဝေမာထွန်း ၁၂/ဗဟန(နိုင်) ၀၉၄၃၀၇ ၏ ဖခင်ဖြစ်သူ ဦးမျိုးသာဦးနှင့် ဦးထွန်းတင် ၁၁/သဘန(နိုင်)၀၀၄၆၄၉ သည် တစ်ဦးတည်းဖြစ်ပါသည်။ **ဦးမျိုးသာဦး(ခ)ဦးထွန်းတင်**

ပန်ဒါ(အင်ဂျင်နီယာအဖွဲ့)

တီဗွီ၊ လေအေးပေးစက်၊ ရေခဲသေတ္တာ၊ **Freezer, Boiler,** ရေပူရေအေးစက်၊ အဝတ်လျှော်စက်၊ ပြုပြင်၊ ရောင်းဝယ်၊ တပ်ဆင်၊ ဆေးကြောခြင်းများကို အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးပါသည်။ **Good Second Hand** စက်များအား တစ်နှစ်အာမခံ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးပါသည်။

အမှတ် ၃၂၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွန့်။

ဖုန်း-၀၉-၅၁-၅၈၈၀၃၊ ၀၉-၅၁-၉၈၄၀၂၊ ၃၇၃၅၃၁။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပမ/၅၉၆၄ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဝင်း ၇/ပမန(နိုင်) ၀၂၆၀၄၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ဆ/၄၆၆၁၊ Willy MB Jeep ယာဉ်လက်ဝယ်ရှိသူ အမည် ဦးစိုးသက်ဦး၊ မှတ်ပုံတင်အမှတ် ၁၃/လရန(နိုင်) ၁၀၅၆၈၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမက(၂၁)တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်ထောင်စုနေ့အကြိုဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲအခမ်းအနားကို ဇန်နဝါရီ၂၆ရက်က တာမွေ အမက(၂၁) ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်အေးက ပြည်ထောင်စုနေ့အကြောင်း ဆွေးနွေးဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆက်သွယ်ပေးပါရန်

ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာ တိုက်အမှတ် ၂၂တွင် နေထိုင်ခဲ့သူ ဦးဒင်နီယယ်အေးထင် (MEHS) ကျောင်းသားဟောင်းအား မြန်မာနိုင်ငံ တပ်မတော်လက်ရွေးစင်ဘောလုံးအသင်း နည်းပြဖြစ်ခဲ့သူ မစ္စတာမာကိုဗားလော့(ဒ်)၏ သမီးဖြစ်သူ နီနာဗားလော့(ဒ်) (ခ) မသီတာ မြန်မာနိုင်ငံသို့ ရောက်ရှိနေခိုက် အမြန်ဆုံး တွေ့ဆုံလိုပါသည်။

နီနာဗားလော့(ဒ်)(ခ) မသီတာ

ဖုန်း-၅၁၅၂၈၂၊ ၅၁၅၂၈၃။

နေပြည်တော် မြန်မာ့အသံ

(စနေနေ့)

(နံနက်+နေ့လယ်+ည)

(၃၁-၁-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် မောရသုတ်+ဝဋ္ဋသုတ် ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိ အသိရှိစေဖို့ ဘဝင်မမြင့်ပါစေနှင့်
၈:၄၅ တေးပဒေသာ
၉:၀၀ ဘဝအသွင်ကဗျာ့အမြင် ပန်းခရေနိဂုံး
၉:၁၀ တေးပဒေသာ
၉:၃၀ မွေးနေ့လက်ဆောင်
၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ သန့်စွမ်းကျန်းမာစိတ်နဲ့ခန္ဓာ
၁၀:၁၀ မင်္ဂလာလက်ဆောင်
၁၀:၃၅ သတင်းစာအာဘော်
၁၀:၄၀ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ ကလေးအစီအစဉ် ပုံပြောပြိုင်ပွဲ (ဓမ္မပါလသတို့သား) နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ အသည်းဟင်းတစ်ခွက်
၁၁:၅၅ တေးပဒေသာ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ ကြာ
၁၂:၃၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ်
၁၃:၂၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး ပါရမီရှင်
၁၆:၃၀ ပညာရေးအထူးအစီအစဉ် သောတရှင်လိုရာတေး
၁၇:၀၀ လေလှိုင်းကြားကမ္ဘာ့သံ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ခေတ်မရွေးသောတေးများ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၀၅ တေးချစ်သူရွေးသီတေးပန်းချီ ညနေခင်းသတင်း
၁၈:၃၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ခေတ်ဟောင်းတေး
၁၉:၃၀ ကျန်းမာရေးရာသိကောင်းစရာ ကောင်းသောအဆိုများ-၃
၁၉:၄၀ ညချမ်းချိန်ခါတေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀:၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁:၀၀ နိုင်ငံတကာအနုပညာ (၃၅) လူမှုရေးဦးတည်ချက်
၂၁:၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၂:၀၀ အစီအစဉ်ပြီး၏။

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၇-၂၀၀၈ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ပွဲ၊ နိုင်ငံတော်အဆင့် ဘွဲ့ထူး၊ ဂုဏ်ထူးချီးမြှင့်ခံပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲတို့ကို ဖေဖော်ဝါရီ ၁၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ၃လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာနဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေး

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းသူ၊ အသင်းသားများသည်လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများနှင့် ဂုဏ်ထူးရရှိသူများသည်လည်းကောင်း၊ နိုင်ငံတော်အဆင့် ဂုဏ်ပြုချီးမြှင့်ခံရသူများနှင့် တက္ကသိုလ်ပါရဂူဘွဲ့ ရသူများသည် လည်းကောင်း ဖေဖော်ဝါရီ ၁၀ရက် နောက်ဆုံးထား၍ ဦးစိုးညွန့် (ဦးစီးနာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ) ဖုန်း-၂၄၆၁၄၀၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) (အတွင်းရေးမှူး) ဖုန်း-၂၉၂၅၀၀၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၆၄၆၀၇၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၇၄၅၅၊ ဦးကြိုင်မြင့် (ပြန်ကြားရေးမှူး) ဖုန်း-၀၉- ၈၇၀၂၂၆၄နှင့် ဒေါ်ဥ (အမှုဆောင်) ဖုန်း-၀၉-၈၀-၃၃၉၁၅တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြကြောင်း သိရသည်။

နှိုးဆော်ထား

လက်ရှိစာရင်းအရ အပူဇော်ခံပုဂ္ဂိုလ် ၆၇ဦးပါရှိ၍ ယင်းတို့အတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းလိုသူများသည် အထက်ပါ အမှုဆောင်များထံ ဆက်သွယ်ပေးပို့နိုင်ကြောင်းနှင့် အသင်းသူ အသင်းသားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ဆားလင်းကြီးမြို့ သာယာလှပရေးဆောင်ရွက်

ဆားလင်းကြီး ဇန်နဝါရီ ၂၉

ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများစုပေါင်း၍ ဇန်နဝါရီ ၁၅ရက်က မြို့ဝင်ဆိုင်းဘုတ်အနီး သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မြေခင်းအလှပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးရဲထွဋ်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

လှိုင်လင်တွင် အအေးပို၊ နမ့်စန်၊ ဟားခါးနှင့် ပင်လောင်း၌ အေးမြနေဆဲ

ရန်ကုန် ဇန်နဝါရီ ၂၉

ဇန်နဝါရီ ၂၉ရက်က ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရခိုင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများ၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ညအပူချိန်များ

ထူးခြားသည့် ညအပူချိန်များမှာ လှိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့နှင့် ပင်လောင်းမြို့တို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ဇန်နဝါရီ ၃၀ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ စစ်ကိုင်းတိုင်းအထက်ပိုင်း ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

သာယာမည်

ဇန်နဝါရီ၃၀ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်ဖြစ်သည်။

လှိုင်းအသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ သင်္ချာ (ရန်ကုန်တက္ကသိုလ်)

၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအား အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်နဲ့ သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာအချက်များကို ဒီကနေ့ဆွေးနွေးပို့ချသွားမှာဖြစ်ပါတယ်။ ဒီလိုပို့ချရာမှာ စာမေးပွဲဖြေဆိုတဲ့အခါ ကျောင်းသား ကျောင်းသူတွေ သတိထားရမယ့် အချက်အလက်များကို ဦးစားပေးဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးပြောချင်တဲ့အချက်ကတော့ သင်္ချာဘာသာရပ်ဖြေဆိုရာမှာ သင်္ကေတတွေကို စနစ်တကျ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ အသုံးပြုဖို့ဖြစ်ပါတယ်။ သင်္ချာသင်္ကေတတွေဟာ သင်္ချာဘာသာစကား (mathematical language) ရဲ့ဗျည်းအက္ခရာ (alphabet) တွေသဖွယ်ဖြစ်ပြီး အဲဒီသင်္ကေတတွေကို စုစည်းရေးသားရာမှာ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေရှိပါတယ်။ အဲဒီစည်းမျဉ်းစည်းကမ်းတွေကတော့ သင်္ချာဘာသာ စကားရဲ့ သဒ္ဒါစည်းကမ်းများ (grammatical rules) များသဖွယ် ဖြစ်ပါတယ်။ ဘယ်ဘာသာစကား မှာပဲဖြစ်ဖြစ် သဒ္ဒါစည်းကမ်းနဲ့မညီတဲ့ အရေးအသားဟာ မှားယွင်းတဲ့အတွက် သင်္ချာဘာသာရပ်ဖြေဆိုရာမှာ သင်္ကေတ အသုံးအနှုန်းစည်းကမ်းတွေကို ဖောက်ဖျက်ခဲ့ရင် ရသင့်တဲ့အမှတ်များ ဆုံးရှုံးတတ်ပါတယ်။

ဥပမာအားဖြင့် function နှစ်ခု f နဲ့ g ပေါင်းစပ်တဲ့ ပုံသေနည်းဖြစ်တဲ့ $(g.f)(x) = g(f(x))$ ကို ရေးတဲ့အခါ ဘယ်ဘက်မှာ g.f နဲ့ x တို့ကို ခတ်ထားတဲ့ကွင်းများ ပြည့်ပြည့်စုံစုံပါဖို့လိုအပ်သလို ညာဘက်မှာ x နဲ့ f(x) တို့ကို ခတ်ထားတဲ့ကွင်းများ ပြည့်ပြည့်စုံစုံပါဖို့ လိုအပ်ပါတယ်။ ကွင်းတစ်ခုခု ကျန်ခဲ့ရင် သို့မဟုတ် အထားအသို မှားယွင်းခဲ့ရင် သင်္ကေတအသုံးအနှုန်း မမှန်ကန်တဲ့အတွက် ရသင့်တဲ့အမှတ်များ နစ်နာသွားနိုင်ပါတယ်။

နောက်ထပ် ဥပမာတစ်ခုအနေနဲ့ $(3 + 2x)^6$ ဆိုတဲ့ binomial ရဲ့ (r+1) အကြိမ်မြောက်ကိန်းလုံးကိုဖော်ပြရာမှာ-

$(r + 1)^{th}$ term of $(3 + 2x)^6 = {}^6C_r\, 3^{6-r}(2x)^r$

လို့ကွင်းများ ပြည့်ပြည့်စုံစုံပါဝင်ရပါမယ်။ 2x ကို ကွင်းခတ်ဖို့ ကျန်ခဲ့ရင် ရေးသားဖော်ပြချက် မှားယွင်းသွားပြီဖြစ်တဲ့အတွက် အမှတ်များ ဆုံးရှုံးမှာ ဖြစ်ပါတယ်။ တစ်ခါတစ်ရံ $(r+1)^{th}$ term ဆိုတဲ့ စကားလုံးကျန်ခဲ့ပြီး

$(3 + 2x)^6 = {}^6C_r\, 3^{6-r}(2x)^r$

လို့ စာဖြေသူအချို့ ရေးတတ်ကြပါတယ်။ ဒီရေးသားချက်ဟာလည်း လုံးဝမှားယွင်းတဲ့အတွက် အမှတ်များ ဆုံးရှုံးမှာ ဖြစ်ပါတယ်။

နောက်ထပ် ဥပမာတစ်ခုအနေနဲ့-

$(x-2)(x-3) > 0$ ဆိုတဲ့ မညီမျှခြင်းကို algebraic နည်းနဲ့ဖြေရှင်းရာမှာ-

$((x-2) > 0$ and $(\tilde{x}3) > 0)$ or $((\tilde{x}\,2) < 0$ and $(\tilde{x}\,3) < 0)$

$(x > 2$ and $x > 3)$ or $(x < 2$ and $x < 3)$

လို့ကွင်းများ ပြည့်ပြည့်စုံစုံခတ်ပြီး ရေးတာအကောင်းဆုံးပါပဲ။ ကွင်းများမပါဘဲ

$x-2 > 0$ and $x-3 > 0$ or $x-2 < 0$ and $x-3 < 0$

$x > 2$ and $x > 3$ or $x < 2$ and $x < 3$

လို့ရေးခဲ့ရင် ရေးသားဖော်ပြချက် ရှင်းလင်းတိကျမှုမရှိတဲ့အတွက် ရသင့်တဲ့အမှတ်များ နစ်နာနိုင်ပါတယ်။

နောက်ထပ် ဥပမာတစ်ခုအနေနဲ့ ဖန်ရှင် $y = x^2 \cos 3x$ ရဲ့ derivative ကို တွက်ထုတ်ရာမှာ

$\frac{dy}{dx} = 2x \cos 3x + x^2(-\sin 3x)3$ ဆိုပြီး သေသေချာချာ ကွင်းခတ်ပြီးတိတိကျကျရေးသင့်ပါတယ်။ $(-\sin 3x)$ ကို ကွင်းမခတ်ဘဲ

$\frac{dy}{dx} = 2x \cos 3x + x^2 - \sin 3x3$ လို့ရေးခဲ့မိရင်တော့ လိုချင်တဲ့ အဓိပ္ပာယ် မသက်ရောက်တော့တဲ့အတွက် ရသင့်တဲ့အမှတ်များ ဆုံးရှုံးနိုင်ပါတယ်။

သင်္ကေတအသုံးအနှုန်းနဲ့ပတ်သက်ပြီး နောက်ထပ်သတိပေးချင်တာတွေကတော့ ဗက်တာများကိုဖော်ပြရာမှာ မြား $\rightarrow$ တွေ မကျန်ရစ်စေဖို့၊ function တစ်ခု f ရဲ့ inverse သင်္ကေတ f^{-1} နဲ့ f ရဲ့ derivative သင်္ကေတ f' မှားယွင်း အသုံးမပြုမိဖို့၊ matrix တစ်ခု၏ inverse သင်္ကေတ A^{-1} နဲ့ သူ့ရဲ့ transpose သင်္ကေတ A' တို့ကို လွဲမှားအသုံးမပြုမိဖို့၊ calculus သင်ခန်းစာမှာ $\frac{dy}{dx}$ ရေးရမယ့်နေရာမှာ $\frac{\delta y}{\delta x}$ လို့ မှားယွင်း မရေးမိဖို့ ၊ ဗက်တာသင်ခန်းစာမှာ ဗက်တာနှစ်ခုစားခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုထားတာ မရှိတဲ့အတွက် ဆိုတဲ့ အရေးအသားမျိုး မရေးကြဖို့ စတဲ့အချက်တွေပဲဖြစ်ပါတယ်။

ကျောင်းသား ကျောင်းသူများကို ဆက်လက်ပြီး သတိပေးချင်တာကတော့ သင်္ချာဘာသာရပ်ဖြေဆိုရာမှာ တတ်နိုင်သမျှ အဆင့်မကျော်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် step by step အသေးစိတ်တွက်ချက်ကြဖို့၊ ပြည့်ပြည့်စုံစုံ ရေးသားကြဖို့ဖြစ်ပါတယ်။ အဆင့်များကျော်ပြီး ရေးလိုက်တဲ့အခါ တကယ်လို့များ မေးလာတဲ့ မေးခွန်းက ပါဝင်စေချင်တဲ့ အရေးကြီးတဲ့ အဓိကအချက်များ၊ သော့ချက်အဆင့်များ ပါမလာခဲ့ရင် ရသင့်တဲ့ အမှတ်များ လက်လွတ်ဆုံးရှုံးနိုင်ပါတယ်။

ဥပမာအားဖြင့် $x^3 - 6x^2 + ax + b$ အတွက် $x^2 - 3x + 2$ ဟာ factor တစ်ခုဖြစ်တယ်လို့ပေးပြီး a နဲ့ b ကို ရှာခိုင်းတဲ့ ပုစ္ဆာကိုတွက်တဲ့အခါ အစပိုင်းမှာ

Let $f(x) = x^3 - 6x^2 + ax + b$.

$x^2 - 3x + 2$ is a factor of $f(x)$.

$x^2 - 3x + 2 = (x-1)(x-2)$

$\therefore (x-1)$ and $(x-2)$ are factors of $f(x)$.

$\therefore f(1) = 0$ and $f(2) = 0$.

လို့ ပြည့်ပြည့်စုံစုံ ရေးသားရင် အကောင်းဆုံးဖြစ်ပါတယ်။ အချို့ကျောင်းသား ကျောင်းသူများဟာ

Let $f(x) = x^3 - 6x^2 + ax + b$.

$x^2 - 3x + 2$ is a factor of $f(x)$.

$\therefore f(1) = 0$ and $f(2) = 0$.

လို့အရေးကြီးတဲ့ အဆင့်များကိုကျော်ပြီး ရေးတတ်ကြပါတယ်။ ဒီလိုအရေးအသားမျိုးဟာ မိမိတို့ရသင့်တဲ့ အမှတ်များကို နစ်နာဆုံးရှုံးစေနိုင်တာမို့ မရေးသင့်ပါဘူး။

နောက် ဥပမာ တစ်ခုအနေနဲ့ ကိန်းစစ်များရဲ့ အစု R ပေါ်မှာ binary operation တစ်ခုကို $a \odot b = a^2 + ab + b^2$ ကို သတ်မှတ်ပေးထားပြီး အဲဒီ binary operation ဟာ commutative ဖြစ်ကြောင်း ပြခိုင်းတယ်ဆိုပါစို့။ အဲဒီအခါမှာ-

For any $a, b \in R$

$a \odot b = a^2 + ab + b^2$

$b \odot a = b^2 + ba + a^2$

$= a^2 + ab + b^2$.

$\therefore a \odot b = b \odot a$

$\therefore \odot$ is commutative လို့ ဖြေနိုင်ပါတယ်။

အချို့ စာဖြေသူများဟာ $a \odot b = b \odot a$ ဆိုတဲ့ အရေးကြီးတဲ့ ပါဝင်သင့်တဲ့အဆင့်ကိုကျော်ပြီး ရေးတဲ့အတွက် အမှတ်များ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရတတ်ပါတယ်။

နောက်ဥပမာတစ်ခုအနေနဲ့ $f(x) = x^2 + 3x + a$ အတွက် $(x-2)$ သည် factor တစ်ခု ဖြစ်ခဲ့လျှင် a ကိုရှာပါဆိုတဲ့ မေးခွန်းဖြေရာမှာ-

$f(x) = x^2 + 3x + a$

$(x-2)$ is a factor of $f(x)$.

$\therefore f(2) = 0$

$\therefore 4+6+a = 0$

$a = -10$

a $\vec{b}$ လို့ဖြေသင့်ပါတယ်။ အချို့ကျောင်းသား ကျောင်းသူများဟာ

$f(x) = x^2 + 3x + a$

$f(2) = 4 + 6 + a$

$= 10 + a$

$\therefore a = -10$

လို့ ဖြေတတ်ကြပါတယ်။ အဲဒီလိုဖြေခဲ့ရင် $x-2$ ဟာ f(x) ရဲ့ factor တစ်ခု ဖြစ်လို့ $f(2) = 0$ ဖြစ်တယ်ဆိုတဲ့ factor theorem ကို အသုံးပြုထားချက်၊ တစ်နည်းပြောရင် ပုစ္ဆာကလိုချင်တဲ့ အဓိကအချက် မပါဝင်တဲ့ အတွက် အဖြေမှန်သော်လည်း အမှတ်မရ ဖြစ်ပါလိမ့်မယ်။

ကျောင်းသားကျောင်းသူများကို နောက်ထပ် သတိပေးချင်တဲ့ အချက်တစ်ချက်ကတော့ သင်္ချာဘာသာရပ် ဖြေဆိုရာမှာ ပုစ္ဆာကတောင်းဆိုတဲ့ အဖြေရတဲ့အထိ ပြည့်ပြည့်စုံစုံ ရေးသားတွက်ချက်ဖို့ ဖြစ်ပါတယ်။

ဥပမာ အနေနဲ့ $x^2 + 2x + 3$ ကိန်းတန်းကို $x-2$ နဲ့စားရင် ရရှိမယ့်အကြွင်းအားရှာခိုင်းတဲ့ ပုစ္ဆာကို တွက်ရာမှာ-

Let $f(x) = x^2 + 2x + 3$

$f(x)$ is divided by $x - 2$

$\therefore$ remainder $= f(2)$

$= 4 + 4 + 3 = 11$

လို့ပြည့်စုံပြီးစီးအောင် တွက်ချက်သင့်ပါတယ်။ အချို့စာဖြေသူများဟာ

Let $f(x) = x^2 + 2x + 3$

$f(2) = 4 + 4 + 3 = 11$

ဆိုတဲ့အဆင့်လောက်ထိသာရေးပြီး အဖြေကို ရပ်လိုက်ကြပါတယ်။ အဲဒီလိုဖြေခဲ့ရင်-

ပုစ္ဆာရဲ့သော့ချက် စကားလုံး (key word) ဖြစ်တဲ့ remainder ဆိုတဲ့ စကားလုံး ဘယ်နေရာမှ မပါတဲ့အတွက် ရသင့်တဲ့အမှတ်တွေ ဆုံးရှုံးပါလိမ့်မယ်။

အလားတူစွာ ပေးထားတဲ့ ညီမျှချင်းတစ်ခု မှန်ကန်ကြောင်းသက်သေ ပြခိုင်းတဲ့ပုစ္ဆာ တစ်ပုဒ်မှာ ဥပမာအားဖြင့်-

L.H.S $= \ldots\ldots$

$= \ldots\ldots$

$= \sin x + \cos x$

R.H.S $= \ldots\ldots$

$= \ldots\ldots$

$= \sin x + \cos x$

အဆင့်ထိလောက်သာရေးသားပြီး ပုစ္ဆာက နောက်ဆုံးလိုချင်တဲ့ အဖြေဖြစ်တဲ့ L.H.S = R.H.S ဆိုတဲ့ ကောက်ချက်ရေးဖို့ ကျန်နေခဲ့ရင်လည်း ရသင့်တဲ့အမှတ်များ ဆုံးရှုံးနိုင်ပါတယ်။

ရှေ့မှာတင်ပြခဲ့တဲ့ အဓိကအချက် (၃)ချက်ကို အကျဉ်းချုံးပြီး ပြန်ပြောရရင် ပထမအချက် စာမေးပွဲ ဖြေတဲ့အခါ သင်္ချာသင်္ကေတများကို မှန်မှန်ကန်ကန် တိတိကျကျ ပြည့်ပြည့်စုံစုံရေးပါ၊ ဒုတိယအချက် ဘယ်ပုစ္ဆာမဆို အဆင့်မကျော်ဘဲ အသေးစိတ် step by step ပြည့်ပြည့်စုံစုံ ရေးသားတွက်ချက်ပါ၊ တတိယအချက် ဘယ်ပုစ္ဆာမဆို သေသေချာချာဖတ်ပြီး ပုစ္ဆာကမေးထားတဲ့အဖြေရတဲ့အထိ၊ ပုစ္ဆာကတောင်းဆိုတဲ့ အဆင့်ရောက်သည့်အထိ ပြီးပြည့်စုံစွာတွက်ပါဆိုတဲ့ အချက်များပဲဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူအားလုံး ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဒီပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

30-1 (15).pmd 1 1/30/2009, 1:35 AM

မြန်မာ့ရိုးရာခြင်းလုံး

သတင်းမှတ်စု - အထောက်အဆယ် - အောင်ကြွယ်
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၉

ခြင်းလုံးဆိုသောစကား၏ အဓိပ္ပာယ်သတ်မှတ်ဖော်ပြ ဝိဂြိုဟ်ပြုပါသည်။ 'ခြင်း'ဆိုသော စကားမှာ နှီးဖြာ၍ ခပ်ကျဲကျဲ ရက်လုပ်သော ပစ္စည်းထည့်ရန် တောင်းကိုဆိုပါသည်။ 'လုံး'ဆိုသော စကားမှာ ဝိုင်းဝန်းသည့်သဏ္ဌာန်ရှိခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် ခြင်းလုံးဟုဆိုရာ၌ ခပ်ကျဲကျဲရက်လုပ်၍ ဝိုင်းဝန်းနေသည့် တောင်းလုံးကို ဆိုလိုဟန်တူပါသည်။ မြန်မာ့ခြင်းလုံးမှာ ပဥ္စဂံပုံ အပေါက် ၁၂ ပေါက်ပါပြီး ကြိမ်ဖြင့် ခပ်ကျဲကျဲထိုးရက်ထားသည့် အလုံးသဏ္ဌာန်ကို ဆောင်နေသည်။ ကမ္ဘာဦးသူတို့ စတင်ခတ်ကစားခဲ့သော ခြေနှင့်ခတ်ရသည့် အားကစားပစ္စည်းမှာ တိရစ္ဆာန်များ၏ စည်ပေါင်းပင်ဖြစ်၏။ ထိုစည်ပေါင်းကို ပါးစပ်ဖြင့် လေမှုတ်သွင်းပြီး ခတ်ကစားရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■

တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ သင်္ချာဘာသာ (ရန်ကုန်တက္ကသိုလ်) သင်ခန်းစာကို ဖော်ပြထားပါသည်။

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မွန်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ချောမွေ့လာမှုကြောင့် ပြည်တွင်းနှင့် ဥဒဟို သွားလာနိုင်ကြပြီ

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ပေါင်းကူးဆက်သွယ်ထားသည့် ဂျိုင်း(ဇာသပြင်) တံတားကြီးကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

➢ သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်) ➢ ဓာတ်ပုံမှတ်တမ်း - လှမိုး(သတင်းစဉ်)
➢ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၉

မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို သွားရောက်လေ့လာခဲ့သည့် ခရီးစဉ်အတွင်း မိမိတို့သတင်းအဖွဲ့သည် မွန်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍကိုပါ မျက်ဝါးထင်ထင် လေ့လာခွင့်ရခဲ့ပါသည်။

သက်သောင့်သက်သာ

မွန်ပြည်နယ်အတွင်းရှိ လမ်းပိုင်းများကို နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ပြုပြင်ဆောင်ရွက်နိုင်ခဲ့၍ ပဲခူးတိုင်း ဘုရားကြီးကျေးရွာမှ မော်လမြိုင်မြို့အထိ ခရီးမိုင် ၁၂၆ မိုင်ကို အချိန်မကုန်ဘဲ သက်သောင့်သက်သာ သွားလာနိုင်ခဲ့ကြပေပြီ။

စာမျက်နှာ ၈ ကော်လံ ၁ ✳

စနေဂြိုဟ်နှင့် ဂျူပီတာဂြိုဟ်အတွင်းပိုင်းမျက်နှာပြင် ဟိုက်ဒရိုဂျင်နှင့် ဟီလီယမ်ဓာတ်ငွေ့မိုးများ ရွာသွန်းနေ

ဘာသာပြန် သတင်းမှတ်စု - မိုးမြင့်လင်းလက်
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)



နာဆာ ဇန်နဝါရီ ၂၉

စနေဂြိုဟ်နှင့် ဂျူပီတာဂြိုဟ် အတွင်းပိုင်း၌ ဟိုက်ဒရိုဂျင်နှင့် ဟီလီယမ်ဓာတ်ငွေ့မိုးများ ရွာသွန်းလျက်ရှိကြောင်း နာဆာသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ဟီလီယမ်ဓာတ်ငွေ့

စနေဂြိုဟ်နှင့် ဂျူပီတာဂြိုဟ်အတွင်းပိုင်း မျက်နှာပြင်အထက်တွင် အလွန်ပေါ့ပါးပြီး အရောင်မဲ့ ဓာတုဒြပ်စင်ဓာတ်ငွေ့ဖြစ်သည့်ဟီလီယမ်

စာမျက်နှာ ၅ ကော်လံ ၁ ❐

မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုများတွင် ရိုဟင်ဂျာလူမျိုးဟူ၍မရှိ ထိုင်းနိုင်ငံသို့ ပင်လယ်ရေကြောင်းမှ တရားမဝင် ဝင်ရောက်ရန်ကြိုးပမ်းခဲ့သည့် ရိုဟင်ဂျာဆိုသူများကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရ

နေပြည်တော် ဇန်နဝါရီ ၂၉

လတ်တလော ပြည်ပသတင်းမီဒီယာအချို့အရ ရိုဟင်ဂျာလူမျိုးအချို့သည် စက်လှေများဖြင့် ပင်လယ်ရေကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ရန် ကြိုးပမ်းမှုများရှိနေကြောင်းနှင့် ၄င်းတို့အား ထိုင်းရေတပ်က ဖမ်းဆီးရမိပြီး ပင်လယ်ပြင်သို့ အတင်းအကျပ် ပြန်လွှတ်လျက်ရှိကြောင်း၊ ထိုရိုဟင်ဂျာများ အနက် အချို့မှာ မြန်မာနိုင်ငံမှဖြစ်ကြောင်း စသဖြင့် ရေးသားထုတ်လွှင့်နေသည်ကို တွေ့ရှိရသည်။

ပါဝင်ခြင်းလုံးဝမရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားလူမျိုးစု ၁၀၀ ကျော်တွင် ရိုဟင်ဂျာဟူသည့် လူမျိုး ပါဝင်ခြင်းလုံးဝမရှိပါ။

ထို့အတူ ထိုင်းနိုင်ငံက ယမန်နေ့က ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်တွင်လည်း အဆိုပါ ထိုင်းနိုင်ငံသို့ ပင်လယ်ရေကြောင်းမှ တရားမဝင် ဝင်ရောက်ရန် ကြိုးပမ်းခဲ့သူများသည် မြန်မာနိုင်ငံမှဖြစ်သည်ဟူ၍ ဖော်ပြထားခြင်းမရှိပါ။

ဆက်လက်ဆောင်ရွက်သွားမည်

မည်သို့ပင်ဖြစ်စေ ၄င်းကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ သက်ဆိုင်ရာဌာနများအနေဖြင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ငယ်ရွယ်စဉ် ကိုယ်လက်လှုပ်ရှား ဆော့ကစားပါက အသက်ကြီးသည့်အခါ နှလုံးရောဂါ ဖြစ်ပွားမှုနည်းပါးဟုဆို

ကလေးငယ်များအနေဖြင့် တစ်နေ့လျှင် ကိုယ်လက်လှုပ်ရှားမှု မိနစ် ၉၀ ခန့် နေ့စဉ်ပြုလုပ်ပေးသွားပါက အသက်အရွယ်ရလာသည့်အခါ နှလုံးရောဂါနှင့် အဝလွန်မှုများ မဖြစ်ပွားနိုင်ကြောင်း နော်ဝေသုတေသနပညာရှင်က ထုတ်ဖော်ပြောကြားလိုက်သည်။

အဝလွန်ကဲ

အသက် ကိုးနှစ်နှင့် ၁၅ နှစ်အကြား ကလေးငယ် ၁၇၀၀ ခန့်ကို နှစ်အတန်ကြာ သုတေသနပြုခဲ့ရာ နေ့စဉ် ဆော့ကစားခြင်း၊ ကိုယ်လက်လှုပ်ရှားသွားလာခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းစသည့် အပြုအမူ အလေ့အထရှိသော ကလေးငယ်များသည် အသက်အရွယ် ရလာသည့်အခါ နှလုံးရောဂါ လုံးဝမဖြစ်နိုင်ကြသည့်အပြင် အဝလွန်ကဲမှုလည်း မဖြစ်နိုင်ကြကြောင်း တွေ့ရှိရသည်ဟု ၄င်းတို့က ပြောကြားသည်။

သွေးစီးဆင်းမှု

နေ့စဉ်ခန္ဓာကိုယ် လှုပ်ရှားခြင်းဖြစ်စေသော ကလေးငယ်ဘဝ ဆော့ကစားခြင်းသည် ရုပ်ပိုင်းဆိုင်ရာ သာမက စိတ်ပိုင်းဆိုင်ရာ လန်းဆန်း တက်ကြွမှုကိုပါ အထောက်အကူပြုကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ●